# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၇၂)


## (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲ ပူးပေါင်းကာကွယ် စောင့်ရှောက်ရေး။

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ် စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

### နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံရမည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ရွေးကောက်ပွဲတစ်ရပ်၌ မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးပိုင်ခွင့်ရှိသည်




ရန်ကုန် ဒီဇင်ဘာ ၁၀

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၇ ရက်က ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်ပြသည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**

**လေးစားအပ်တဲ့ သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ–**

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်တော်ကြီးများ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဒေါက်တာစောဆိုင်မွန်သာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှာပါဝင်တဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ်များဟာ ကျင်းပပြီးစီးခဲ့တဲ့ အမျိုးသားညီလာခံအဆင့်အသီးသီးမှာ တက်တက်ကြွကြွ ပါဝင်တက်ရောက်ခဲ့ကြပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခွင့်ရခဲ့ပါတယ်။

အဲဒီလို ဆွေးနွေးညှိနှိုင်းခွင့်ရရှိခဲ့ပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်သင့်တဲ့ အသေးစိတ် အခြေခံရမည့်မူများကိုလည်း ထောက်ခံခဲ့ကြသလို အကြံကောင်း၊ ဉာဏ်ကောင်းများနှင့် အပြုသဘောဆောင်တဲ့ အကြံပြုချက်များကိုလည်း တင်ပြနိုင်ခဲ့ကြပါတယ်။

မှန်ကန်တဲ့စေတနာ၊ အပြုသဘောဆောင်တဲ့အကြံပြုချက်၊ စုစည်းညီညွတ်တဲ့ စွမ်းအားများနဲ့ အမျိုးသားညီလာခံကြီးအောင်မြင်ပြီးဆုံးသည်အထိ ကျွန်တော်တို့ အစုအဖွဲ့အနေနှင့် ပါဝင်ဆောင်ရွက်သွားကြဖို့ကိုလည်း ရည်မှန်းထားကြပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား–**

၂၀၀၆ခုနှစ် အောက်တိုဘာလ ၃၀ ရက်နှင့် ၃၁ ရက်နေ့များမှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက **"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမည့်မူများ"**နှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြခဲ့ပါတယ်။

*စာမျက်နှာ ၅ ကော်လံ ၁* ■



အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏အကြံပြုချက်စာတမ်းကို ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ကုဌာန ပါမောက္ခ/ဌာနမှူး (အငြိမ်းစား) ဒေါက်တာစောဆိုင်မွန်သာ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)



အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ ပြည်နယ်ငှက်ဖျားဆရာဝန် ဒေါက်တာချမ်းသာ(ခေါ်) ဦးညီညီ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်)

# ကုန်စည်ပို့ဆောင်ရေး အထောက်အကူပြုမည့် ရန်ကုန်–သန်လျင် တံတားအမှတ်( ၂ )

နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတစ်ဝန်းတွင် လမ်းသစ်၊ တံတားသစ်များ တိုးချဲ့ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသည်။

ရန်ကုန်တိုင်းတွင် လှိုင်မြစ်ကူးတံတားကြီးများဖြစ်သည့် ဘုရင့်နောင်တံတား၊ အောင်ဇေယျတံတား နှင့် ရွှေပြည်သာတံတားတို့ကို တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် လှိုင်မြစ်တစ်ဖက်ကမ်းရှိ မြို့နယ်များမှ ပြည်သူများ ရန်ကုန်မြို့နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်လာပြီး ကူးသန်းရောင်းဝယ်မှု အရှိန်အဟုန်မြင့်မားလာလျက် ရှိသည်။

ထို့အပြင် တွံတေးတူးမြောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် တွံတေးတံတားကို တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များနှင့် ဧရာဝတီတိုင်းရှိ မြို့နယ်များ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ကြပြီ ဖြစ်သည်။

ခရမ်းမြို့နယ်တွင်လည်း ခရမ်းချောင်းတံတားသစ်ကို ထပ်မံတည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ပဲခူး၊ သနပ်ပင်၊ ကဝမြို့နယ်များမှ ရန်ကုန်မြို့သို့ အချိန်တိုအတွင်း ထွက်ကုန်များ တင်ပို့ရောင်းချနေကြပြီ ဖြစ်သည်။

ယခုအခါ ပင်လယ်ကူးသင်္ဘောများ ဆိုက်ကပ်နိုင်ရေးအတွက် သီလဝါဆိပ်ကမ်း ဖွံ့ဖြိုးရေးကို ဆောင်ရွက်လျက်ရှိသကဲ့သို့ ဝန်လေးကုန်တင်ယာဉ်များအတွက် ရန်ကုန်–သန်လျင်တံတား အမှတ်(၂)ကို တည်ဆောက်လျက်ရှိသည်။ ယင်းတံတားသစ်သည် အရှည်ပေ ၄၅၄၀ရှိသည့် ယာဉ်သွားလမ်းအကျယ် ၇၂ပေပါရှိသော ခြောက်လမ်းသွားတံတားကြီးဖြစ်သည်။ တံတားအောက်ထည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်၍ ယာဉ်တစ်စီးချင်း ခံနိုင်ဝန်မှာ ၇၅တန်ဖြစ်သည်။

နိုင်ငံတော်က ဘဏ္ဍာငွေကြေး၊ စက်ယန္တရားအင်အား၊ နည်းပညာစွမ်းအားများ ရင်းနှီး၍ မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာစွမ်းပကားဖြင့် တံတားကြီးများကို တည်ဆောက်အကောင်အထည် ဖော်လျက်ရှိရာ ကုန်စည်များ ပိုမိုလွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်ရေး အဓိကအထောက်အကူပြုမည့် ရန်ကုန်–သန်လျင် တံတားအမှတ်(၂) မကြာမီ ပေါ်ထွန်းလာတော့မည်ဖြစ်သည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ခရီးသွားပြည်သူများ မြို့ပတ်ရထားကို ပိုမိုအားထားစီးနင်း ရထားအချိန်မှန်ထွက်ရှိရေး၊ ဘူတာသန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၁၀

**ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၈ရက် ညနေ ၅နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**




ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း**(အပေါ်ပုံ)**က ခရီးသွားပြည်သူများအနေဖြင့် မြို့ပတ်ရထားများကို ယခင်ကထက် ပိုမိုအားထားစီးနင်းလျက်ရှိရာ ရထားအချိန်မှန်ထွက်ရှိရေး၊ ဘူတာအတွင်း၊ အပြင်သန့်ရှင်းရေး၊ လျှပ်စစ်မီး အပြည့်အဝရရှိရေး၊ အိမ်သာများ လုံလောက်ကောင်းမွန်စေရေး တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ကြရန်၊ မြို့တွင်းရှိ လမ်းပိတ်ဆို့ရပ်တန့်သည့် ယာဉ်များ၊ လူသွားစင်္ကြံပေါ်၌ တက်ရောက်ရပ်နားသည့် ယာဉ်များ၊ စတေကာကပ်သည့် ယာဉ်များ၊ မီးခိုး အလွန်အကျွံထွက်သည့် ယာဉ်များ၊ ယာဉ်ပေါ်မှ ကွမ်းတံတွေးထွေးသူများ၊ အမှိုက်ပစ်ချသူများနှင့် စည်းကမ်းမဲ့ လမ်းဖြတ်ကူးသူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်ကြရန်၊ ယာဉ်လိုင်းများမှ စည်းကမ်းဖောက်ဖျက်မှုကြောင့် ထုတ်ပယ်ခဲ့သော ယာဉ် လုပ်သားများအား အခြားယာဉ်လိုင်းများ၌ ပြန်လည်ဝင်ရောက်လုပ်ကိုင်ခြင်းကို ခွင့်မပြုရန်၊ စီအင်န်ဂျီအရောင်း ဆိုင်များရှိ ဆီဖြည့်ပန့်အားလုံး ဓာတ်ငွေ့ ဖြည့်တင်းပေးနိုင်ရေး၊ စက်မှုပိုင်းဆိုင်ရာ ချို့ယွင်းမှုမရှိစေရေး၊ မြို့တွင်းရှိ အနေ့ယာဉ်များအား သတ်မှတ်မျဉ်းဝါအတွင်းမှသာ ပြေးဆွဲကြရေးကြပ်မတ်ထိန်းသိမ်းကြရန်၊မြို့အဝင်တန်ပိုစစ်ဆေးရေးဂိတ်များရှိ စက်ပစ္စည်းများ အမြန်ကောင်းအောင်ပြုပြင်ကြရန်နှင့် ကုန်တင်ယာဉ်များ သတ်မှတ်တန်ချိန်အတိုင်း တင်ဆောင်ကြရေးနှင့် သတ်မှတ်စည်းကမ်းများကို စနစ်တကျလိုက်နာကြရေး၊ ပညာပေးအရေးယူဆောင်ရွက်ကြရန်၊ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ယာဉ်လိုင်းများမှ ခေါက်တိုကားများ စီစဉ်ပြေးဆွဲပေးကြရန်နှင့် ညပိုင်းများ၌ယာဉ်တိုက်မှု ပိုမိုဖြစ်ပွားသည်ကို တွေ့ရှိရ၍ ညပိုင်းများ၌ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး လုပ်ငန်းများကို ပိုမိုဆောင်ရွက်ကြရန် အမှာစကား ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများက လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်း တင်ပြကြသည်။

### ညှိနှိုင်းစိစစ်

ယင်းနောက် တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းစိစစ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၁၁–၁၂–၂၀၀၆

(တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၅ | ၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၃၀ | ၄။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၅၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၅:၁၀ | ၆။ | ကြည်နူးရွှင်ပျော် တေးသရုပ်ဖော် |
| ၅:၃၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၉။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၀။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၁။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၅ | ၁၂။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ထွန်းတောက်လာမည့် ကြယ်တစ်ပွင့်"** (အပိုင်း–၂) |
| ၈:၀၀ | ၁၄။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၅။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၆။ | မေးမြန်းစုံစမ်း |
| | ၁၇။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၁၈။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နောက်ဆုံးပစ်မှတ်"** (အပိုင်း–၁၄) |

## ပုညာရာမ မိုးကုတ်ဝိပဿနာရိပ်သာ ၁၀ရက် တရားစခန်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်တိုင်း သာကေတမြို့နယ် အမှတ်(၉) ရပ်ကွက် နဝရတ်လမ်းရှိ ပုညာရာမ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ လစဉ် ၁၀ရက်တရားစခန်းပွဲများ ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၂၂ ရက်မှ ၃၁ရက်အထိ ဦးသုန္ဒရ(ဓမ္မာစရိယ)အောင်မင်္ဂလာကျောင်းတိုက်နှင့် ဦးသုမန (ဓမ္မရိပ်သာကျောင်း)တို့က လည်းကောင်း၊ ဇန်နဝါရီ ၁၀ရက်မှ ၁၉ရက်အထိ ဦးဝိသာလ(ဓမ္မာစရိယ) ဖျာပုံမြို့ကလည်းကောင်း၊ ဖေဖော်ဝါရီ ၅ ရက်မှ ၁၄ရက်အထိ မိုးကုတ်အဖွဲ့ချုပ်နာယက ဆရာတော် အောင်စကြာ အရှင်စန္ဒသိရီ(ဓမ္မာစရိယ) ကလည်းကောင်း၊ မတ် ၅ရက်မှ ၁၄ရက်အထိ ညောင်ပင်သာဆရာတော် အရှင် မာလာစာရ(ဓမ္မာစရိယ) ကလည်းကောင်း သစ္စာလေးပါးနှင့် ပဋိစ္စသမုပ္ပါဒ်တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ကျောင်းတိုက်ဖုန်း–၅၄၇၄၅၁နှင့် ၅၅၃၃၃၀တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်းတို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## MRTV-4၏ရုပ်မြင်သံကြားအစီအစဉ်

၁၁–၁၂–၂၀၀၆

(တနင်္လာနေ့)

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | ကြည်နူးခံစား ကလေးပန်းချီများ (မူကြိုအဆင့် ပလုတ်တုတ် ကလေးပန်းချီပြိုင်ပွဲ) |
| ၇:၂၀ | တေးဂီတအစီအစဉ် |
| ၇:၂၅ | သဒ္ဒါပြည့်တင်း ဆန်လှူအသင်း |
| ၇:၄၅ | တေးဂီတအစီအစဉ် |
| ၇:၅၀ | ပြည်တွင်းအနုပညာရေးရာ |
| ၈:၁၅ | တေးဂီတအစီအစဉ် |
| ၈:၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈:၃၀ | ခြံတွင်းဥယျာဉ်စိုက်ပျိုးမှု အနုပညာ |
| ၈:၄၀ | တေးဂီတအစီအစဉ် |
| ၈:၄၅ | အချိန်ကုန်သက်သာ ရယ်ဒီမိတ်ဟင်းလျာ |
| ၉:၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၀၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၉:၃၀ | မိုးလေဝသခန့်မှန်းချက် |
| ၉:၃၅ | အလှတွင်သစ်လွင် Miss မင်္ဂလာရဲ့အသွင် |
| ၁၀:၀၅ | တေးဂီတအစီအစဉ် |
| ၁၀:၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၂၀ | Celebrity Profile (L ဆိုင်းဇီနှင့် တွေ့ဆုံခြင်း) |
| ၁၀:၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၀၀ | မြန်မာစာ၊မြန်မာစကား(၃) |
| ၁၁:၁၅ | တေးဂီတအစီအစဉ် |
| ၁၁:၂၀ | အာဟာရနှင့် ကျန်းမာရေး (ကျောက်ဘီလူး တင်မောင်ဆွေ နှင့် တွေ့ဆုံခြင်း) (အပိုင်း–၂) |
| ၁၁:၄၅ | တေးဂီတအစီအစဉ် |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**English Premier League ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂:၂၄ | Sheffield Utd- Aston Villa | 5-Sports(Live) |

## မုံလယ်တောရဓမ္မရိပ်သာ တရားစခန်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

နှစ်စဉ် ကျင်းပမြဲဖြစ်သော ပဲခူး ၁၀မိုင်ကုန်း မိုးကုတ်ဝိပဿနာ မုံလယ်တောရဓမ္မရိပ်သာ ငါးရက်တရား စခန်းပွဲကို ဒီဇင်ဘာ၂၄ရက်မှ ၂၈ရက်အထိ ကျင်းပမည်ဖြစ်သည်။ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီးနှင့် မုံလယ်ဆရာတော်ကြီးများ၏ ဥပနိဿယအတိုင်း တရားချီးမြှင့်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူ ယောဂီများသည် ဒီဇင်ဘာ ၂၃ရက် ညနေအရောက် လာရောက်ကြပါရန် ဖုန်း–၂၄၇၅၇၆နှင့် ၅၄၀၈၀၅ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

# ပြည်သူ့အကျိုးပြုလုပ်ငန်းများ အလေးထားဆောင်ရွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး အရှိန်အဟုန်မြှင့် လုပ်ကိုင်

နေပြည်တော် ဒီဇင်ဘာ ၁၀

**မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့သည် ယမန်နေ့မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအစည်းအဝေးခန်းမ၌ မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည် ခရိုင်၊ညောင်ဦးခရိုင်၊ မြင်းခြံခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့်ပျဉ်းမနားခရိုင်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် မြို့နယ် ၃၁ မြို့နယ်တို့မှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံသည်။**

### သုံးသပ်တင်ပြ

ရှေးဦးစွာ မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးက မန္တလေးတိုင်း ခရိုင်ရှစ်ခုနှင့် မြို့နယ် ၃၁ မြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် ပတ်သက်၍ သုံးသပ်တင်ပြကြသည်။

ဆက်လက်၍ မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ခေတ္တအတွင်းရေးမှူးဦးစိုးသိန်းနှင့် မြို့နယ် အတွင်းရေးမှူးများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ရှင်းလင်း တင်ပြကြသည်။

### ရှေ့လုပ်ငန်းစဉ်

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ဗဟိုအတွင်းရေးမှူးဝန်ကြီး ဦးအောင်သောင်းတို့က ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်သူ့အကျိုးပြု လုပ်ငန်းများကို အမျိုးသားရေး ကိစ္စအဖြစ် အလေးထားဆောင်ရွက်သွားရေး၊အထူးသဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရေးနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားသည်။

### ဆက်ကပ်

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ညနေ ၄နာရီတွင် မန္တလေးမြို့ အမရပူရမြို့နယ် ဖရဲကျွန်းကျေးရွာ သာသနဟိတသုခ ကာရီကျောင်းတိုက်သို့ ရောက်ရှိကြပြီး ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ တေဇောဘာသနှင့် သံဃာတော်အရှင်သူမြတ်တို့အား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## Ph.D ဘွဲ့ရဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ပျဉ်းမနားမြို့ ရန်အောင်(၁)ရပ်ကွက် ဗိုလ်ချုပ်လမ်း အနောက်ထိပ်ရှိမဟာ ဝိသုတာရာမတံခွန်တိုင်ကျောင်းတိုက် ဓမ္မဘေရီ ရွှေဗဟိုရ်စည် ဓမ္မဗိမာန်တော်ကြီး၌ သီတင်းသုံးလျက်ရှိသော အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ ဆန်စကရစ်တက္ကသိုလ်မှ Ph.D ဘွဲ့ရ ဒေါက်တာ အရှင်ဝါယမအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)က ဦးစီး၍ ၁၃၆၈ခုပြာသိုလဆန်း၆ရက် (ဒီဇင်ဘာ ၂၄ရက်) တနင်္ဂနွေနေ့ နံနက်၁၀နာရီတွင်ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ သာဓု ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ မြို့နယ်သားများနှင့် ဒါယကာ ဒါယိကာမများ ကြွရောက်ဖူးမြော် ကြည်ညိုနိုင်ကြောင်း သိရသည်။ **(က–ပ)**

## ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်လာ

### (ဂီဟိဝိနယဆုံးမစာ=လူတို့ကိုဆုံးမကြောင်းတရား၊ လူ့ကျင့်ဝတ်)

**အခါမဲ့သွားလာခြင်းအပြစ် ၆–ပါး**

မြတ်စွာဘုရားသခင်သည် သိင်္ဂါလ လုလင်အား အခါမဲ့(ညဥ့်နက်သန်းခေါင်)အကြောင်းမဲ့သွားလာခြင်းဖြင့် အောက်ပါအပြစ် ၆–ပါး ရရှိနိုင်ကြောင်း ဟောကြားခဲ့ပါသည်–

- **အခါမဲ့အပျော်အပါး ညဥ့်နက်သန်းခေါင်သွားလာသူအတွက် သူ့ကိုယ်သူပင် ကာကွယ်နိုင်စွမ်းမရှိ (အကာအကွယ်မဲ့နိုင်သည်)၊**
- **ထိုသူ၏အိမ်တွင်ကျန်ရစ်ခဲ့သော ဇနီး၊ သားမယားအတွက်လည်း အစောင့်အရှောက်ကင်း အကာအကွယ်မဲ့နိုင်ပါသည်၊**
- **ထိုသူ၏ဥစ္စာပစ္စည်းသည်လည်း အကာအကွယ်အစောင့်အရှောက်မဲ့သွားနိုင်သဖြင့် သူခိုးသူဝှက် အန္တရာယ်ကျရောက်လာနိုင်သည်၊**
- **ထိုသူသည် ညဥ့်နက်သန်းခေါင် စည်းကမ်းမရှိ သွားလာနေခြင်းဖြင့်(သူတစ်ပါးပြုသော) မကောင်းမှုတို့၌(ထိုသူပြုမည်ဟု) ယုံမှားသံသယ ခံရတတ်သည်၊**
- **ထိုသူ၌ မဟုတ်မမှန်သော စွပ်စွဲသောစကားလည်း ကျရောက်တတ်သည်။**
- **ဘဝပျက်ရာပျက်ကြောင်း ဆင်းရဲခြင်းအကြောင်းတရားတို့၏ ရှေ့ပြေးနိမိတ်လည်းဖြစ်သည်။**

ဆရာတော် ဦးဗုဓ်က အခါမဲ့သွားလာခြင်း အပြစ်–၆ပါးကို မှတ်သားဖွယ်ရာလင်္ကာဖွဲ့၍ စပ်ဆိုခဲ့သည်မှာ–

**"ကိုယ့်သားမယား၊ တခြားဥစ္စာ၊ လုံရာမဲ့ရှောင်း၊ မကောင်းအရာ၊ ရွံရှာလေအပ်၊ ယိုးစွပ်ရောက်မှု၊ ဆင်းရဲစု၊ ခြောက်ခုခါမဲ့သွားပြစ်တည်း"**

ဤခေတ် လူငယ်လူရွယ်များ ညဥ့်နက်သန်းခေါင် အပျော်အပါးလိုက်စားသွားလာခြင်းသည် မြန်မာ့ယဉ်ကျေးမှုနှင့်မကိုက်ညီသည့်အပြင် ထိုလူငယ်လူရွယ်များ၏ ဘဝပျက်စီးကြောင်း ရှေ့ပြေးနိမိတ်ဖြစ်နေသဖြင့် မိဘများက တရားနှင့်ယှဉ်၍ ဆုံးမသွန်သင်သင့်အပ်လှပေသည်။ ။ **(သာသနာရေး)**





## နိုင်ငံတော်အတွက်စိတ်စေတနာဖြင့်ဆောင်ရွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဝန်ဆောင်မှုဖြင့်ပံ့ပိုး

နေပြည်တော် ဒီဇင်ဘာ ၁၀

**ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် ဒီဇင်ဘာ ၉ ရက်ညနေပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံသည်။** (အပေါ်ပုံ)

ရှေးဦးစွာဝန်ကြီးကအမှာစကားပြောကြားရာတွင် ဝန်ထမ်းအားလုံးသည် ကိုယ်စီလုပ်ငန်းတာဝန်များကို ကျွမ်းကျင်ပိုင်နိုင်ပြီး နိုင်ငံတော်အတွက် စိတ်စေတနာကောင်းဖြင့် အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအား ငွေရေးကြေးရေးနှင့်အခွန်ဆိုင် ရာသိသင့်သိထိုက်သည်များအား အသိပညာပေး စည်းရုံးဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ငွေရေးကြေးရေးဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရသည့် ဌာနကြီးဖြစ်သဖြင့် ဥပဒေနှင့်အညီ စနစ်တကျမှန်မှန်ကန်ကန်ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများ ထိရောက်ထက်မြက်စေရန်အတွက် ဌာနတွင်းသာမက အခြားဌာနဆိုင်ရာ ဝန်ထမ်းများနှင့် စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအချင်းချင်း ဆက်ဆံရာတွင်လည်း မာန်မာနမထားကြရန် ဖြစ်ကြောင်း၊ ပေါင်းသင်းဆက်ဆံရေးပြေပြစ်မှ လုပ်ငန်းတိုင်းတွင် အခက်အခဲမရှိ အောင်မြင်မှုများ ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် ပြည်နယ်ဥက္ကဋ္ဌဗိုလ်မှူးကြီးညွန့်တင်နှင့်တာဝန်ရှိသူများ လိုက်ပါလျက် လွိုင်ကော်မြို့ မြန်မာ့စီးပွားရေးဘဏ်သို့ ရောက်ရှိစစ်ဆေးပြီး ဝန်ကြီးက ဒေသစီးပွားရေးဖွံ့ဖြိုးမှုကို ပိုမို ရှိန်အဟုန်မြင့်မားစေရန်အတွက် ထိရောက်ထက်မြက်သည့်ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများဖြင့် ပံ့ပိုးပေးရန်မှာကြားသည်။

### အလေးထားဆောင်ရွက်

ဆက်လက်၍ ကယားပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာန(ပြည်နယ် ရုံး)သို့ ရောက်ရှိစစ်ဆေးရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းနှင့် ပြည်နယ်အခွန်ဦးစီးဌာနမှူးတို့က လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြရာ ဝန်ကြီးက အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များသည် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည့်အတွက် ရသင့်ရထိုက်သည့် အခွန်များပြည့်ဝမှန်ကန်စွာ ရရှိရေးဆောင်ရွက်ရန် ဒေသခံပြည်သူများကို အခွန်ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များလိုက်ပါလျက် လွိုင်ကော်မြို့ရှိ ပင်စင်ဦးစီး ဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်းတို့သို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဝန်ကြီးကလိုအပ်ချက်များ ဖြည့်စွက်မှာကြားသည်။

### ဖြည့်စွက်မှာကြား

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့ စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဆန်းထွန်းတို့လိုက်ပါလျက် ဒီဇင်ဘာ၁၀ရက်နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန ရုံးသစ်ဖွင့်လှစ်ရန် လျာထားသည့် အဆောက်အအုံတို့အားကြည့်ရှုပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အင်တာနက်သတင်းနှင့်ဓာတ်ပုံ



## လူဦးရေတိုးပွားမှု မထိန်းချုပ်လျှင် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များ မပြည့်မီနိုင်

လူဦးရေတိုးပွားမှု ထိန်းချုပ်ခြင်းမပြုလျှင် ကုလသမဂ္ဂ၏ ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များ (အမ်ဒီဂျီ)များ ပြည့်မီရန်ခက်ခဲမည် သို့မဟုတ် ပြည့်မီနိုင်မည်မဟုတ်ကြောင်း ဗြိတိန်ပါလီမန်အုပ်စုတစ်စုက ကြေညာသည်။

လူဦးရေ ဖွံ့ဖြိုးရေးနှင့်မျိုးပွားမှုကျန်းမာရေးဆိုင်ရာ ဗြိတိန်ပါလီမန်အုပ်စုက **"ဆင်းရဲသည့်နိုင်ငံများမှ မွေးဖွားနှုန်းမြင့်မားခြင်းက ကျန်းမာရေးနှင့် ပညာရေး နိမ့်ကျပြီး ပတ်ဝန်းကျင်ထိန်းသိမ်းမှု ပျက်ပြားရေးကိုဖြစ်စေကြောင်း"** ဖြင့်ကောက်ချက်ချလိုက်သည်။

တစ်ကမ္ဘာလုံးလူဦးရေမှာ ၂၀၅၀ပြည့်နှစ်တွင် ၉ဘီလီယံခန့်အထိ ရောက်ရှိမည်ဟု ခန့်မှန်းရသည်။ ၂၀ရာစုကာလအတွင်းတွင် ကမ္ဘာ့လူဦးရေမှာ ၂ဘီလီယံမှ ၆ဘီလီယံကျော်အထိသာ တိုးတက်များပြားလာကြောင်း၊ လူဦးရေအဓိကတိုးပွားသည့်ဒေသမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ်ကြောင်းတွေ့ရသည်။

၁၉၀၀ပြည့်နှစ်က လူဦးရေ ၅သန်းသာရှိခဲ့သော အီသီယိုးပီးယားနိုင်ငံ၌ ယခုအခါလူဦးရေ ၆၄သန်းအထိတိုးလာကာ ၂၀၅၀ပြည့်နှစ်တွင် လူဦးရေ ၁၄၅သန်းရှိမည်ဟု ခန့်မှန်းထားသည်။ **(ကိုးကား–အင်တာနက်)**

## မုတ္တမအထက မြတ်ဆရာ ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

မွန်ပြည်နယ် မုတ္တမ အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မုတ္တမအထက၌ ကျင်းပမည်ဖြစ်ရာ မုတ္တမအထက၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ပြည့် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီက ဖိတ်ကြားထားသည်။

### ဆက်သွယ်လှူဒါန်းနိုင်

ပါဝင်လှူဒါန်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးလှထွန်း ဖုန်း–၀၁–၂၀၁၅၅၅၊ လိုင်းခွဲ–၄၂၁၊ ဦးသိန်းဝင်း ဖုန်း–၀၉–၅၀–၀၆၁၈၉၊ ဦးကိုကိုလေး ဖုန်း–၀၁–၂၀၀၁၃၅၊ ဦးစိုးဝင်း ဖုန်း–၀၉–၅၁–၁၃၁၅၉၊ ဦးစိုးအောင် ဖုန်း–၀၅၇–၂၄၃၉၃၊ ဒေါ်ကျင်အေး ကျောင်းအုပ်ဆရာမကြီး ဖုန်း–မုတ္တမလိုင်းခွဲ ၄၅နှင့် ဦးစိုးမော် ဖုန်း–၀၉–၅၃–၂၀၅၇၅၊ ဦးတင်မောင် ဖုန်း–၀၁–၃၈၀၇၅၃တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။

**(က–ပ)**



တရုတ်နိုင်ငံရှန်ဟိုင်းမြို့တွင် တန်ချိန်၃၀၀၀၀၀ရှိ ကုန်တင်သင်္ဘောတစ်စင်းကို ဒီဇင်ဘာ၈ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# နိုင်ငံဖြတ်ကျော် မူးယစ်မှောင်ခိုဂိုဏ်းအား တရုတ်နှင့်ရုရှား ရဲတပ်ဖွဲ့ဝင်များပူးပေါင်းဖြိုခွင်း

ဟာဘင် ဒီဇင်ဘာ ၁၀

**တရုတ်နှင့် ရုရှားမူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေး ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းလျက် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျန်းပြည်နယ်၌ နိုင်ငံဖြတ်ကျော်မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းတစ်ဂိုဏ်းအား ဖြိုခွင်းကာ ရုရှားသုံးဦး အပါအဝင် လူ၂၇ဦးအား ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။**

အဆိုပါ ပူးပေါင်းရဲတပ်ဖွဲ့က အက်ဖသာမက်သမင်း ၁၁၁၂ ဂရမ်နှင့် မူးယစ်ဆေးဝါးသုံးစွဲပစ္စည်းများ အပါအဝင် လက်နက်များကိုပါ ဖမ်းဆီးနိုင်ခဲ့ကြောင်းဟေလုံကျန်းပြည်နယ်ပြည်သူ့လုံခြုံရေးဌာနက ပြောကြားသည်။

**ပထမဆုံး**

ယင်းမူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းအားအောင်မြင်စွာဖြိုခွင်းနိုင်ခဲ့မှုသည် တရုတ်နှင့် ရုရှား ရဲတပ်ဖွဲ့ဝင်များ နှစ်နိုင်ငံနယ်စပ်အကြား မူးယစ်မှုခင်းများ ဖြိုခွင်းရန်ယမန်နှစ်က သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးနောက် ပထမဆုံး အကြိမ်ဖြစ်သည်။

**ကျူးလွန်ခဲ့**

အဆိုပါ မူးယစ်ဆေးဝါးဂိုဏ်းခေါင်းဆောင်မှာ အသက်၃၃နှစ်ရှိ ဂွမ်ဟွိုင်ဖြစ်ပြီး ၎င်းသည် ၂၀၀၅ခုနှစ်မှစ၍ မူးယစ်ဆေးဝါးမှောင်ခိုမှု ကိုးမှု ကျူးလွန်ခဲ့ကြောင်း စွပ်စွဲခံထားရသူဖြစ်သည်။

ပြီးခဲ့သောနိုဝင်ဘာလတွင် ရုရှားအမာပြည်နယ်မူးယစ်ဆေးဝါးထိန်းချုပ်ရေးအာဏာပိုင်အဖွဲ့က ရုရှားလူမျိုးသုံးဦးနှင့်တရုတ်လူမျိုးနှစ်ဦးတို့သည် ရုရှားနိုင်ငံအတွင်းသို့ မူးယစ်ဆေးဝါး မှောင်ခိုတင်သွင်းနေကြောင်း ဟေလုံကျန်းပြည်နယ် ရဲတပ်ဖွဲ့အား သတင်းပေးပို့ခဲ့သည်ဟုဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# နှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန် ဗီယက်နမ်နှင့် နိုင်ဂျီးရီးယားတို့ သဘောတူညီ

အဘူဂျာ ဒီဇင်ဘာ ၁၀

**နိုင်ဂျီးရီးယားနှင့် ဗီယက်နမ်နှစ်နိုင်ငံတို့သည် ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း နိုင်ဂျီးရီးယား ကျန်းမာရေးဝန်ကြီး အီလီတာယိုလမ်ဘိုက အဘူဂျာမြို့တွင် ဒီဇင်ဘာ ၇ရက်၌ ပြောကြားသည်။**

အီလီတာယိုလမ်ဘိုက နိုင်ဂျီးရီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဗီယက်နမ်ကုန်သွယ်ရေး ဒုတိယဝန်ကြီးဒိုနူဒင်လမ်ဘိုနှင့် တွေ့ဆုံစဉ် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် ပူးတွဲကော်မရှင်တစ်ရပ် ထူထောင်ရန် နားလည်မှုစာချွန်လွှာတစ်ရပ် မကြာမီ ပေါ်ထွက်လာမည်ဖြစ်ကြောင်း ဗီယက်နမ် ကုန်သွယ်ရေး ဒုတိယဝန်ကြီး ဒိုနူဒင်လမ်ဘိုက ပြောကြားသည်။

**စိတ်ဝင်စား**

ထို့အပြင် နှစ်နိုင်ငံ ဆေးဝါးစက်ရုံများ တည်ဆောက်ရေးအတွက် နှစ်နိုင်ငံမှ ကုမ္ပဏီများက စိတ်ဝင်စားလျက်ရှိပြီး ထိုသို့ စက်ရုံများ တည်ဆောက်နိုင်ပါက ကျန်းမာရေး လုပ်သားများကိုလည်း ပြည်တွင်း၌ ထိန်းချုပ်ထားနိုင်မည်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

**ဈေးကွက်**

နိုင်ဂျီးရီးယားနိုင်ငံသည် လူဦးရေ သန်း ၁၃၀ကျော်ရှိရာ အနောက်အာဖရိကတွင် မကြာမီကာလ၌ စီးပွားရေးလုပ်ငန်းရှင်များအတွက် ကြီးမားသော ဈေးကွက်ကြီးတစ်ခု ဖြစ်လာမည်ဟု နိုင်ဂျီးရီးယား ကျန်းမာရေး ဒုတိယဝန်ကြီးက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တူရကီ၌ ရဟတ်ယာဉ် ပျက်ကျ

**အင်ကာရာ ဒီဇင်ဘာ ၁၀**

တူရကီနိုင်ငံ အရှေ့တောင်ပိုင်းတွင် ဒီဇင်ဘာ၇ရက်က စစ်ဘက်ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ တူရကီ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း တူရကီနိုင်ငံ အနာတိုလီရာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါရဟတ်ယာဉ်မှာ တူရကီနိုင်ငံ ဘင်ဂေါ်မြို့အနီး ယာဇီကိုနက်ခ်ကျေးရွာတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ တူရကီစစ်ဘက်ရဟတ်ယာဉ်ပျက်ကျမှုမှာ မတော်တဆ ဖြစ်ကြောင်း အနာတိုလီရာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာ အပြည့်အဝ ပြန်လည်ဖော်ဆောင်ရန် ပြင်သစ်တိုက်တွန်းခဲ့

ပါရီ ဒီဇင်ဘာ ၁၀

**အီရတ်ပြဿနာ ဖြေရှင်းရေးအတွက် အီရတ်နိုင်ငံအနေဖြင့် မိမိ၏ အချုပ်အခြာအာဏာကို အပြည့်အဝ ပြန်လည်ဖော်ဆောင်ရန် လိုအပ်ကြောင်းဖြင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဒုစ်ဘလက်က ဒီဇင်ဘာ၈ရက်က တိုက်တွန်းပြောကြားသည်။**




အနာဂတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ တစ်ဆင့်ပြီးတစ်ဆင့် ရုပ်သိမ်းသွားပြီးနောက် အီရတ်တွင် ဝရုန်းသုန်းကားဖြစ်မကျန်ရစ်အောင်၊ အီရတ်ပြည်သူအားလုံး စည်းလုံးရန် နိုင်ငံရေးလုပ်ငန်းစဉ်တစ်ရပ်ချမှတ်ပြီး အကြမ်းဖက်သမားများနှင့် အစွန်းရောက်သမားများကို ဝိုင်းပယ်ကြဖို့ သက်ဆိုင်ရာပါတီအဖွဲ့အစည်းများအား ၎င်းကအကြံပြုလိုက်သည်။

**ထင်ဟပ်ဖော်ပြ**

ဒီဇင်ဘာ၇ရက်က ပေါ်ထွက်လာသည့် အီရတ်လေ့လာရေးအုပ်စု၏ အစီရင်ခံစာမှာ ခေါင်းအေးအေးဖြင့် စဉ်းစားပြီး အီရတ်နိုင်ငံ၏ ပကတိအခြေအနေကိုထင်ဟပ်ဖော်ပြထားခြင်းဖြစ်သည်ဟု သူထင်မြင်ကြောင်းပြောကြားလိုက်သည်။

**ပြောကြား**

အီရတ်နိုင်ငံ၏ နက်ရှိုင်းစွာ အမြစ်တွယ်နေသည့် အကျပ်အတည်းကို စစ်ရေးအရ ဖြေရှင်း၍ ရနိုင်မည်မဟုတ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား



# ကမ္ဘာ့အရှည်ဆုံး ရေလွှာလျှောစီးပြား

**ကမ္ဘာပေါ်တွင် အရှည်ဆုံးရေလွှာလျှောစီးပြားတစ်ခုကို ပြသထားစဉ်။** (ယာပုံ)

ဘရာဇီးနိုင်ငံ ရီရိုဒီဂျနေယိုးမြို့ မာကွမ်ဘာကမ်းခြေတွင် ရေလွှာလျှောစီးအဖွဲ့တစ်ဖွဲ့ကပြုလုပ်ထားသော ရေလွှာလျှောစီးပြားတစ်ခုမှာ အရှည် ၂၆ ဒသမ ၄၂ပေရှိရာ ကမ္ဘာပေါ်၌ အရှည်ဆုံးဖြစ်ကြောင်း ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခြင်းခံရသည်။ **(အင်တာနက်)**

# နှစ်ပေါင်းများစွာက ကြေးကရားအိုး

**လွန်ခဲ့သောနှစ်ပေါင်းများစွာက ကြေးကရားအိုးတစ်ခုကို ပြသထားစဉ်။** (ဝဲပုံ)

အဆိုပါ ကြေးကရားအိုးသည် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့ ပြတိုက်တွင် ပြသထားသောပစ္စည်းဖြစ်ပြီး အခြားရှေးဟောင်းပစ္စည်း ၂၂၁မျိုးနှင့်အတူ ပျောက်ဆုံးခဲ့ရာမှ ယခုအခါ ပြန်လည်တွေ့ရှိကာ ပြတိုက်၌ ပြန်လည်ပြသထားခြင်းဖြစ်သည်။

**(အင်တာနက်)**



# မော်စကိုဆေးရုံ၌ မီးလောင်မှုဖြစ်ပွား

**မော်စကို ဒီဇင်ဘာ ၁၀**

ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ဆေးရုံတစ်ခုတွင်ဒီဇင်ဘာ၈ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားရာ အမျိုးသမီး၄၅ဦး သေဆုံးခဲ့ရကြောင်း၊ အများစုမှာ ငယ်ရွယ်သော အမျိုးသမီးများဖြစ်ကြောင်း သိရသည်။

ထိုဆေးရုံမှာ မော်စကိုမြို့အနောက်တောင်ပိုင်းရှိ မူးယစ်ဆေးဝါးသုံးစွဲမှုဖြတ်တောက်သည့် ဆေးရုံဖြစ်ပြီး သေဆုံးသူ အများစုမှာ မီးသတ်တပ်ဖွဲ့ဝင်များမရောက်မီ သေဆုံးခဲ့ခြင်းဖြစ်သည်။

အဆိုပါဆေးရုံမှာ ယခုနှစ် အစောပိုင်းကပင် မီးဘေးအန္တရာယ်ရှိနိုင်သဖြင့် ဆေးရုံ အသုံးပြုမှုပိတ်ရန် အကြံပြုထားခဲ့သည့် အဆောက်အအုံလည်း ဖြစ်သည်။ မော်စကိုမီးသတ် တပ်ဖွဲ့အရာရှိများကလည်း ၎င်းဆေးရုံကို မီးဘေးအန္တရာယ် ကာကွယ်မှု ပိုမိုမြင့်တင်ဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။

မီးလောင်မှုဖြစ်ပွားစဉ် ဆေးရုံရှိလူ ၁၆၀ကို ကယ်ဆယ်နိုင်ခဲ့ပြီး မီးခိုးများ ရှူရှိုက်မိခဲ့သည့် လူ၁၀ဦးကို ဆေးရုံသို့ တင်ပို့ပေးခဲ့သည်။ **(အင်တာနက်)**

# ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အရနှင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်အများအရ အရည်အချင်းပျက်ယွင်းသူမဟုတ်ပါက နိုင်ငံသားတိုင်း လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိ

■ ရှေ့ဖုံးမှ

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက်များအပေါ် ၂၀၀၆ခုနှစ် နိုဝင်ဘာလ၁ရက်နေ့မှာ ကျင်းပခဲ့တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ အစည်းအဝေးမှာ ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး အသေးစိတ် လေ့လာနိုင်ဖို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ အထူးဒေသအဖွဲ့အစည်း ၂၄ဖွဲ့တို့အား စာတမ်းများ တစ်စုံစီ ပေးအပ်ခဲ့ပြီး အကြံပြုချက်များ ပေးအပ်နိုင်ဖို့ စီမံခဲ့ပါတယ်။

အစုအဖွဲ့အစည်းအဝေးမှာ ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ကိုယ်စားလှယ် ၈၉ ဦးတို့ရဲ့ ကိုယ်စား၊ အကြံပြုချက်များပေးနိုင်ဖို့ ၂၅ ဦးပါဝင်တဲ့ စာတမ်းပြုစုရေးအဖွဲ့ကို ထပ်မံဖွဲ့စည်းခဲ့ပြီး အကြံပြုချက်စာတမ်းမူကြမ်းကို ပြုစုရေးသားကြဖို့ သဘာပတိအဖွဲ့နှင့် ကိုယ်စားလှယ်များက တာဝန်ပေးအပ်ခဲ့ပါတယ်။

အဲဒီလို စုစည်းတာဝန်ပေးအပ်မှုနှင့် လျော်ညီစွာ စာတမ်းပြုစုရေးအဖွဲ့ဟာ ဆွေးနွေးပွဲ ငါးကြိမ် ကျင်းပခဲ့ပြီး ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၂၃ရက်နေ့မှာ ကျင်းပခဲ့တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့အစည်းအဝေးမှာ အတည်ပြုချက် ရယူနိုင်ခဲ့ပါတယ်။

ကျွန်တော်တင်ပြအစီရင်ခံခဲ့သလို အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ရဲ့ အကြံပြုချက်စာတမ်းကို အပိုင်းနှစ်ပိုင်းခွဲပြီး တင်ပြသွားပါမယ်။

**လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား–**

၂၀၀၆ ခုနှစ် အောက်တိုဘာလ ၃၀ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြခဲ့ပါတယ်။

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်တွင် ရွေးကောက်တင်မြှောက်ခြင်းအခန်းနှင့် စပ်လျဉ်းပြီး လေ့လာရာမှာ လွယ်ကူစေဖို့အတွက် စုစည်းတင်ပြချက်(၁၄)ချက်ရှိပါတယ်။ အဲဒီအချက်တွေကတော့–

၁။ **လွှတ်တော်များသို့ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာတွင်–**

(က) **ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်၌ အသက်(၁၈)နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူ မဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသောနိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။**

(ခ) **ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ရွေးကောက်ပွဲတစ်ရပ်၌ မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးပိုင်ခွင့်ရှိသည်။**

(ဂ) **ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာ တိုင်းရင်းသားများသည် မိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။**

(ဃ) လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကို ကျင့်သုံးရမည်။

၂။ အောက်ပါပုဂ္ဂိုလ်များသည် ဆန္ဒမဲပေးပိုင်ခွင့်မရှိစေရ–

(က) **သာသနာ့ဝန်ထမ်းများ၊**

(ခ) ထောင်ဒဏ်ကျခံနေရသူများ၊

(ဂ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊

(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူများ၊

(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူများ။

၃။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲတစ်ရပ်တွင်–

(က) လွှတ်တော်တစ်ရပ်အတွက်သာ ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်ရှိသည်၊

(ခ) **မဲဆန္ဒနယ်တစ်နယ်တွင်သာ ရွေးကောက်တင်မြှောက်ခံရန် ယှဉ်ပြိုင်ခွင့်ရှိသည်။**

၄။ (က) ပြည်ထောင်စုနယ်မြေ သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ထားသော ပြည်ထောင်စုနယ်မြေများအတွင်း မှီတင်းနေထိုင်ကြသော မဲဆန္ဒရှင်များသည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုသာ ရွေးကောက်တင်မြှောက်ခွင့်ရှိသည်၊

(ခ) **ပြည်ထောင်စု လွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်လိုက်သော နယ်မြေတစ်ခုခုမှ ရွေးကောက်တင်မြှောက်ထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်သည် ဥပဒေတွင် သီးခြားခွင့်ပြုထားခြင်း မရှိလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့် မရှိစေရ။**

၅။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များအရ သော်လည်းကောင်း **အရည်အချင်းပျက်ယွင်းသူမဟုတ်ပါက နိုင်ငံသားတိုင်း**သည် လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

၆။ (က) လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကို အောက်ပါအကြောင်း တစ်ရပ်ရပ်ကြောင့် တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည်–

(၁) နိုင်ငံတော်၏ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(၂) **ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊**

(၃) အကျင့်သိက္ခာ ပျက်ပြားခြင်း၊

(၄) **ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်း ပျက်ယွင်းခြင်း၊**

(၅) ပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်း**ဆောင်ခြင်း။**

(ခ) သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့်ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်၊

(ဂ) **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရမည်၊**

(ဃ) **စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့် သော်လည်းကောင်း ချေပခွင့်ပေးရမည်၊**

(င) **ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထိုစွပ်စွဲချက်သည် မှန်ကန်ပြီး စွပ်စွဲခံရသူသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း သဘောရရှိလျှင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။**

၇။ ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍လည်းကောင်း၊ တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ **ကိစ္စများနှင့်စပ်လျဉ်း၍လည်းကောင်း လိုအပ်သောဥပဒေများကို ပြဋ္ဌာန်း**ရမည်။

၈။ (က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် **တစ်ရပ်ကို ဖွဲ့စည်းရမည်၊ ယင်းသို့ဖွဲ့စည်းရာတွင် ဖွဲ့စည်းပုံ** အခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီး ခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်အနည်းဆုံး ငါးဦးကို **ခန့်အပ် တာဝန်ပေးနိုင်သည်။**

(ခ) **ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်**များသည်–

(၁) အသက်(၅၀)နှစ် ပြည့်ပြီးသူဖြစ်ရမည်၊

(၂) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်၊

(၃) (ကက) ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးအဖြစ် ဖြစ်စေ၊ အလားတူရာထူးတာဝန်တစ်ခုခုတွင်ဖြစ်စေ အနည်းဆုံး ငါးနှစ်ဆောင်ရွက်ခဲ့သူ ဖြစ်ရမည်၊ သို့မဟုတ်

(ခခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့် **ထက်မနိမ့်သော တရားရေးဝန်ထမ်း သို့မဟုတ်** ဥပဒေ ဝန်ထမ်းရာထူးတွင် အနည်းဆုံး ၁၀နှစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ရမည်၊ သို့မဟုတ်

(ဂဂ) တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး ၂၀နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ ဖြစ်ရမည်၊ သို့မဟုတ်

(ဃဃ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ ဖြစ်ရမည်၊

(၄) သိက္ခာသမာဓိနှင့် ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူ ဖြစ်ရမည်၊

(၅) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိစေသော ပြဋ္ဌာန်းချက်များနှင့်လည်း သက်ဆိုင်စေရမည်၊

(၆) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ ဖြစ်ရမည်၊

(၇) နိုင်ငံရေးပါတီဝင်မဟုတ်သူ ဖြစ်ရမည်၊

(၈) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူဖြစ်ရမည်၊

(၉) လစာ၊ စရိတ်၊ ကြေးငွေရသောအခြားမည်သည့် ရာထူးကိုမျှ လက်ခံခြင်း မပြုသူဖြစ်ရမည်၊

၉။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း၊

(ခ) **လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို ဖွဲ့စည်းခြင်း၊ ကြီးကြပ်စေခြင်း၊**

(ဂ) မဲဆန္ဒနယ်များသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊

(ဃ) မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရသော်လည်းကောင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်း။

(စ) ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီများဆိုင်ရာ နည်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီလည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ ညွှန်ကြားချက်စသည်များကို သက်ဆိုင်ရာဥပဒေများနှင့်အညီ လည်းကောင်း ထုတ်ပြန်ခြင်း၊

(ဆ) **ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးနိုင်ရေး** အတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းခြင်း၊

(ဇ) ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခြင်း။

၁၀။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ **သို့မဟုတ် အဖွဲ့ဝင်တစ်ဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စု** တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးကို စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်းသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

*စာမျက်နှာ ၆ ကော်လံ ၁ သို့*

**နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် တစ်ရပ်ကို ဖွဲ့စည်းရမည်၊ ယင်းသို့ဖွဲ့စည်းရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီး ခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အပါအဝင်အဖွဲ့ဝင် အနည်းဆုံးငါးဦးကို ခန့်အပ်တာဝန်ပေးနိုင်သည်။**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၈ ခုနှစ် နတ်တော်လပြည့်ကျော် ၇ ရက်**
**(အဖိတ်နေ့)**
**၁၁–၁၂–၂၀၀၆ ရက်**
**(တနင်္လာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၁၀ ၆။ အတီးပြိုင်ပွဲ
၈:၂၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar made Easy
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၇:၀၀ ၅။ အကပဒေသာ
၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
၁၇:၃၀ ၇။ မြန်မာ့ရိုးရာတောဓလေ့ကျေးလက်တေးသံ
၁၇:၄၀ ၈။ **"တန်ဖိုး"** ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း (ဒါရိုက်တာ–သက်တင်)
၁၇:၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း–၃၃)
၁၈:၅၀ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
၁၉:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခြင်းနှင့်အတူ"** (အပိုင်း–၂၅)
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း–၇)
၁၉။ နောက်တစ်နေ့အစီအစဉ်

စာမျက်နှာ ၅ မှ

၁၁။ (က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် ရာထူးတာဝန်ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။

(ခ) ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီးခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအသစ် သို့မဟုတ် အဖွဲ့ဝင်အသစ်အား ခန့်အပ်တာဝန်ပေးနိုင်သည်။

(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့် နေ့မှစ၍ တည်ဆဲဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၂။ အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်-

(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများ၊

(ခ) ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် စပ်လျဉ်းသည့် အယူခံမှုများ၊ ပြင်ဆင်မှုများ၊

(ဂ) နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရ ဆောင်ရွက်သောကိစ္စရပ်များ။

၁၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။

၁၄။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့်ရပိုင်ခွင့်များကို ဥပဒေအဖြစ်ပြဋ္ဌာန်းသည့်အခါ မှီငြမ်းပြုနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့်သတ်မှတ်သည်။ကော်မရှင်အဖွဲ့ဝင်ကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်

တို့ဖြစ်ကြပါတယ်။၎င်းအပြင်“ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်ရွေးကောက်တင်မြှောက်ခံရသည့် အချိန်နှင့်တစ်ဆက်တည်း ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် အနည်းဆုံး (၁၀)နှစ် အခြေချနေထိုင်ခဲ့သူ”ဟု ချမှတ်ပေးထားတဲ့ အသေးစိတ်အခြေခံရမယ့်မူအောက်တွင် ခြွင်းချက်အဖြစ် “နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့် ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချ နေထိုင်ခဲ့သည့်ကာလအဖြစ် ထည့်သွင်းရေတွက်ရမည်”လို့အသေးစိတ်အခြေခံရမည့်မူအဖြစ် ဖြည့်စွက်ချမှတ်ဖို့ သင့်၊ မသင့် အကြံပြုကြဖို့ရှင်းပြခဲ့တာကို တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာမှာပါဝင်မည့် နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် ရှင်းလင်းတင်ပြခဲ့ပါတယ်။ အဲဒီလို ရှင်းလင်းပြောကြားခဲ့ရာမှာ နိုင်ငံရေးပါတီများအခန်းအတွက် အချက်(၆)ချက်ရှိတာ တွေ့ရပါတယ်။ အဲဒီအချက်တွေကတော့-

၁။ နိုင်ငံရေးပါတီများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက် ထားရှိသည်။

၂။ နိုင်ငံရေးပါတီတစ်ရပ်သည်-

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်၊

(ခ) ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်၊

(ဂ) နိုင်ငံရေးပါတီအဖြစ် ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားရမည်။

၃။ နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ-

(က) လွတ်လပ်စွာ စည်းရုံးခွင့်ရှိသည်၊

(ခ) ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

၄။ နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အောက်ပါအကြောင်းတစ်ခုခုနှင့်ငြိစွန်းလျှင် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရ-

(က) တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ် ကြေညာခံရခြင်း၊

(ခ) နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံထားရသော အဖွဲ့အစည်းနှင့်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊

(ဂ) နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း၊

(ဃ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်း။

၅။ နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အပိုဒ် ၄ အပိုဒ်ခွဲ(က)၊(ခ)၊(ဂ) သို့မဟုတ် (ဃ)ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့်ငြိစွန်းကြောင်း မှတ်ပုံတင်ခွင့်ပေးနိုင်သော အဖွဲ့အစည်းကတွေ့ရှိလျှင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရမည်။

၆။ ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းသည့် လိုအပ်သော ဥပဒေများကိုပြဋ္ဌာန်းရမည်

ဟူ၍ဖြစ်ပါတယ်။

# နိုင်ငံတော်သမ္မတ၏တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးက အတည်မပြုလျှင် အတည်မပြုသည့် နေ့ရက်နှင့်အချိန်ကာလကစတင်၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်

၂၀၀၆ခုနှစ် အောက်တိုဘာလ ၃၁ရက်နေ့မှာကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မည့်“အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း”အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားခဲ့ပါတယ်။

အဲဒီလိုရှင်းလင်းပြောကြားခဲ့ရာမှာ“အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း”အတွက် အသေးစိတ်အခြေခံရမည့်မူ (၂၃)ချက်ကို စုစည်းတင်ပြခဲ့ပါတယ်။

အဲဒီအချက်တွေကတော့-

၁။ တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင် ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိကြောင်း သိရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့အာဏာတည်သည့် အမိန့် ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။

၂။ အပိုဒ် ၁အရ အရေးပေါ်အခြေအနေကြေညာသည့် ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု၏ အုပ်ချုပ်ရေးအာဏာကို ရယူသုံးစွဲခွင့်ရှိသည်။ ထို့အပြင် ယင်းအုပ်ချုပ်ရေးအာဏာကို သင့်လျော်သည့် အဖွဲ့အစည်း တစ်ရပ်ရပ် ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ အပ်နှင်းဆောင်ရွက်စေနိုင်သည်၊

(ခ) ယင်းသို့ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများက ဥပဒေပြုပိုင်ခွင့်ရှိသော ကိစ္စရပ်များအနက် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များအတွက် ဥပဒေပြုခွင့် အာဏာကိုသာ ကျင့်သုံးခွင့်ရှိသည်၊ သို့ရာတွင် ဥပဒေပြုခွင့်အာဏာကိုမူ မည်သည့်အဖွဲ့အစည်း သို့မဟုတ် မည်သည့်ပုဂ္ဂိုလ်ကိုမျှ အပ်နှင်းဆောင်ရွက်စေခြင်း မပြုရ။

၃။ (က) တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင် ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စု တစ်စုတွင်ဖြစ်စေ၊ ယင်းတို့၏တစ်စိတ် တစ်ဒေသတွင်ဖြစ်စေ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင် သို့မဟုတ် ထိုသို့ပေါ်ပေါက်ရန် လုံလောက်သောအကြောင်းရှိကြောင်းသိရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်ပြီး အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။

(ခ) အထက်အပိုဒ်ခွဲ(က)အရ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းရာတွင် အဖွဲ့ဝင်များစုံညီစွာ တက်ရောက်နိုင်ခြင်းမရှိပါက အဖွဲ့ဝင်များဖြစ်သော တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးတို့နှင့် ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို အချိန်မီ ထုတ်ပြန်ကြေညာနိုင်သည်။ ယင်းသို့ ထုတ်ပြန်ကြေညာချက်ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အမြန်ဆုံးတင်ပြအတည်ပြုချက် ရယူရမည်။

၄။ အပိုဒ်၃အရ အရေးပေါ်အခြေအနေ ကြေညာသည့်ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည်-

(က) အရေးပေါ်အခြေအနေကြေညာချက် အကျိုးသက်ရောက်သည့် နယ်မြေဒေသအတွင်း မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေခြင်းငှာ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းဝင်များ၊ နယ်ဘက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းဝင်များက တည်ဆဲဥပဒေများနှင့် အညီ တာဝန်ထမ်းဆောင်ရာတွင် ထိရောက်မှုရှိစေရန် တပ်မတော်၏ အကူအညီကို ရယူဆောင်ရွက်နိုင်သည်။

(ခ) လိုအပ်ပါက စစ်အုပ်ချုပ်ရေးအမိန့်တစ်ရပ် ထုတ်ပြန်နိုင်သည်။ ယင်းစစ်အုပ်ချုပ်ရေး အမိန့်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သည့် တရားစီရင်ရေးဆိုင်ရာလုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်းကောင်း သတ်မှတ်ပေးရမည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်းပြုနိုင်သည်။

၅။ နိုင်ငံတော်သမ္မတသည် ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာသည့်အခါ-

(က) ယင်းအမိန့်တွင် အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသနှင့် အချိန်ကာလတို့ကို သတ်မှတ်ဖော်ပြရမည်။

(ခ) လိုအပ်ပါက အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသအတွင်း နေထိုင်ကြသော နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက် ပို၍ ဖြစ်စေ လိုအပ်သလိုကန့်သတ်နိုင်သည် သို့မဟုတ် ရပ်ဆိုင်းနိုင်သည်။

၆။ နိုင်ငံတော်သမ္မတသည် အရေးပေါ်အခြေအနေကြေညာ၍ အပိုဒ် ၁နှင့်၂ အရ အရေးယူဆောင်ရွက်ချက်များကိုလည်းကောင်း၊ အပိုဒ်၃နှင့် ၄အရ အရေးယူဆောင်ရွက်ချက်များကိုလည်းကောင်း အမိန့်ထုတ်ပြန်သည့်နေ့မှ-

(က) ရက်ပေါင်း (၆၀)အတွင်း အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) ရက်ပေါင်း (၆၀)အတွင်း ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပရန် မရှိလျှင် ပြည်ထောင်စုလွှတ်တော် အရေးပေါ် အစည်းအဝေး ခေါ်ယူကျင်းပစေလျက် တင်ပြ၍ အတည် ပြုချက်ရယူရမည်။

၇။ အပိုဒ် ၆အရ နိုင်ငံတော်သမ္မတ၏တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးက-

(က) အတည်ပြုလျှင် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်သည် သတ်မှတ်ထားသည့် နေ့ရက်နှင့်အချိန်ကာလ ကုန်ဆုံးသည်အထိ အာဏာတည်ရမည်။

(ခ) အတည်ပြုသည့်အပြင် အချိန်ကာလ ထပ်မံတိုးမြှင့်သတ်မှတ်လျှင် ထိုဥပဒေကဲ့သို့ အာဏာတည်သောအမိန့်သည် တိုးမြှင့်သတ်မှတ်သည့် နေ့ရက်နှင့်အချိန်ကာလ ကုန်ဆုံးသည်အထိ အာဏာတည်ရမည်။

(ဂ) အတည်မပြုလျှင် အတည်မပြုသည့် နေ့ရက်နှင့်အချိန်ကာလ က စတင်၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်။

၈။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုနှင့် အဓမ္မနည်းများဖြင့် ရယူရန်ဆောင်ရွက်ခြင်း သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စု ပြိုကွဲစေမည့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာအာဏာလက်လွတ် ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင် သို့မဟုတ်ပေါ်ပေါက်ရန် လုံလောက်သောအကြောင်းတွေ့ရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ် အခြေအနေကြေညာနိုင်သည်။ ယင်းအမိန့်တွင် အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့်နယ်မြေဒေသသည် နိုင်ငံတစ်ဝန်းလုံးဖြစ်ကြောင်းနှင့် အချိန်ကာလသတ်မှတ်ချက်သည် အမိန့်ထုတ်ပြန်သည့်နေ့မှ တစ်နှစ်အထိ ဖြစ်ကြောင်း ဖော်ပြရမည်။

၉။ (က) အပိုဒ်၈အရ အရေးပေါ်အခြေအနေကြေညာသည့် ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အတွင်း မူလအခြေအနေသို့ အမြန်ပြန်လည် ရောက်ရှိစေခြင်းငှာ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများပြုနိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ကြောင်း ကြေညာရမည်။ ယင်းသို့ ကြေညာသည့်နေ့မှစ၍ လွှတ်တော်အားလုံးနှင့် ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများကို ရပ်ဆိုင်းထားသည်ဟု မှတ်ယူရမည်။ ယင်းလွှတ်တော်များ၏သက်တမ်းကုန်ဆုံးသည့်အခါ သက်ဆိုင်ရာ လွှတ်တော်များသည် အလိုအလျောက် ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ထိုသို့တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့် နေ့ရက်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာ လွှတ်တော်များ၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးထားသော အဖွဲ့အစည်းဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များအား တာဝန်မှ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၀။ နိုင်ငံတော်အာဏာလွှဲအပ်ခြင်းခံရသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဥပဒေပြုရေးအာဏာကို မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိကိုယ်တိုင်ပါဝင်သည့် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်း၍ဖြစ်စေ ကျင့်သုံးဆောင်ရွက်နိုင်သည်။ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာများကို သင့်လျော်သည့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဖွဲ့စည်း၍ ဖြစ်စေ၊ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ လွှဲအပ်ကျင့်သုံး ဆောင်ရွက်စေနိုင်သည်။

၁၁။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အရေးပေါ် အခြေအနေကြေညာထားစဉ်ကာလအတွင်း လိုအပ်သည့် နယ်မြေဒေသတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေ လိုအပ်သလို ကန့်သတ်နိုင်သည် သို့မဟုတ် ရပ်ဆိုင်းနိုင်သည်။

၁၂။ နိုင်ငံတော်သမ္မတသည်-

(က) အပိုဒ် ၈နှင့် ၉အရအရေးပေါ်အခြေအနေကြေညာ၍ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်

စာမျက်နှာ ၇ ကော်လံ ၁ သို့

စာမျက်နှာ ၆ မှ

ဆောင်ရွက်စေသည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပချိန်ဖြစ်လျှင် ယင်းအစည်းအဝေးသို့ ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပချိန် မဟုတ်လျှင် ပြည်ထောင်စုလွှတ်တော် အရေးပေါ် **အစည်းအဝေး ခေါ်ယူစေ၍ဖြစ်စေ အစီရင်ခံတင်ပြရမည်။**

(ခ) တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်း မပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်းဖော်ပြလျက် တင်ပြလာပါက သာမန် **အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ် တိုးမြှင့်** ပေးနိုင်သည်။ ယင်းသို့ တိုးမြှင့်ပေးသည့် ကိစ္စကို ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေးခေါ်ယူစေ၍ အစီရင်ခံတင်ပြရမည်။

၁၃။ နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့်တာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက်ပြီးစီးကြောင်း တင်ပြလာသည့်အခါ ပြည်ထောင်စု လွှတ်တော် **သက်တမ်း မကုန်ဆုံးသေးပါက ပြည်ထောင်စုလွှတ်တော်အရေးပေါ်** အစည်းအဝေး ခေါ်ယူစေ၍ အစီရင်ခံတင်ပြပြီးသည့်နေ့မှစ၍ ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော် သက်တမ်းကုန်ဆုံးပြီးဖြစ်ပါက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ တင်ပြချက်လက်ခံရရှိသည့်နေ့မှစ၍ ဖြစ်စေ အပိုဒ် ၉ အရ တပ်မတော် ကာကွယ်ရေး **ဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့သည့်** အမိန့်ကိုပယ်ဖျက်ကြောင်း ကြေညာရမည်။

၁၄။ နိုင်ငံတော်သမ္မတသည် အပိုဒ် ၁၃ အရ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံမှ အစီရင်ခံစာကို ရရှိသည့်အခါ ပြည်ထောင်စု လွှတ်တော် သက်တမ်းမကုန်ဆုံးသေးပါက လွှတ်တော်အားလုံးနှင့် ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများအား ယာယီ ရပ်ဆိုင်းထားခြင်းကို ပယ်ဖျက်ရမည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ **အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်း** အသစ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းတာဝန် ပေးအပ်ရမည်။ ယင်းအဖွဲ့အစည်းများသည် ကျန်ရှိသော လွှတ်တော် သက်တမ်းအတွက်သာ တာဝန်ထမ်းဆောင်ရမည်။

၁၅။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည်လည်းကောင်း၊ ပြည်သူ့ **လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် လည်း** ကောင်း၊ ပြည်ထောင်စုလွှတ်တော် သက်တမ်းကုန်ဆုံးစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော် သမ္မတအသစ်နှင့် ဒုတိယသမ္မတ အသစ်တို့ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအသစ်နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအသစ်တို့ကို လည်းကောင်း ရွေးချယ်တင်မြှောက်ပြီးသည်အထိ ဆက်လက် တည်ရှိသည်။

၁၆။ **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် တပ်မတော်** ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့်တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းမပြုနိုင်သေးသဖြင့် သတ်မှတ် အချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်း ဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ **နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်။**

၁၇။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော် သမ္မတက အပိုဒ် ၈ နှင့် ၉ အရ အရေးပေါ်အခြေအနေကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ် ဆောင်ရွက်စေသည့်ကိစ္စနှင့် စပ်လျဉ်း၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ပြီး မြောက်အောင် ဆောင်ရွက်ပြီးကြောင်း တင်ပြသည့် အစီရင်ခံစာကို လက်ခံရရှိသည့်အခါ အပိုဒ် ၉ အရ တပ်မတော်ကာကွယ်ရေး **ဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေခဲ့သည့်** အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာရမည်။

၁၈။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည်–

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်များဖွဲ့စည်းခြင်း** မပြုနိုင်သေးမီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာတို့ကို ကျင့်သုံးဆောင်ရွက်သည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ နိုင်ငံတော် သမ္မတအသစ် ရွေးချယ်တင်မြှောက်ပြီး ပြည်ထောင်စုအဆင့် အာဏာပိုင်အဖွဲ့အစည်းများကို ဖွဲ့စည်း ပြီးသည့်အချိန်ထိ နိုင်ငံတော်အာဏာများကို ကျင့်သုံး ဆောင်ရွက်ခွင့်ရှိသည်။ ထိုသို့ ကျင့်သုံးဆောင်ရွက်ရာတွင် ဥပဒေပြုရေးအာဏာကို ကိုယ်တိုင်ကျင့်သုံး ဆောင်ရွက်ရမည်။ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ များကို ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအဆင့်များ အတွက် သင့်လျော်သည့် အဖွဲ့အစည်းများဖွဲ့စည်း၍ ဖြစ်စေ၊ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ လွှဲအပ်ကျင့်သုံး ဆောင်ရွက်စေနိုင်သည်။

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အဆင့်ဆင့်သော အာဏာပိုင် အဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များနှင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်တို့ကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသော သက်ဆိုင်ရာအရည် အချင်းနှင့်ညီညွတ်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေး အပ်ရမည်။**

၁၉။ **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဖွဲ့စည်းပုံ** အခြေခံဥပဒေပါ အဆင့်ဆင့်သော အာဏာပိုင်အဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် **အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များနှင့် ပြည်ထောင်စုရွေးကောက်ပွဲ** ကော်မရှင်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော သက်ဆိုင်ရာအရည်အချင်းနှင့် ညီညွတ်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ရမည်။

၂၀။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အပိုဒ် ၁၇အရ အမိန့်ကိုပယ်ဖျက်ကြောင်း ကြေညာသည့်နေ့မှစ၍ ခြောက်လ အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ **အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရမည်။**

၂၁။ အပိုဒ် ၁၉အရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများသည် အထွေထွေ ရွေးကောက်ပွဲများ ကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းပြီးသည်အထိ မိမိတို့၏ လုပ်ငန်းတာဝန် များကို ဆက်လက်ဆောင်ရွက်ရမည်။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်အာဏာများကို ကျင့်သုံးရာတွင် နိုင်ငံတော်သမ္မတအမည်ဖြင့် ဆောင်ရွက်ရမည်

၂၂။ **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော် အာဏာများကို ကျင့်သုံးရာတွင် နိုင်ငံတော်သမ္မတအမည်ဖြင့် ဖော်ပြဆောင်ရွက်ရမည်။**

၂၃။ **အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာထားစဉ် ကာလအတွင်း တွင် နိုင်ငံတော်သမ္မတ ကိုယ်စားဖြစ်စေ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က နိုင်ငံတော်အာဏာကို ကျင့်သုံးနေသည့် ကာလအတွင်း ဖြစ်စေ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက နိုင်ငံတော် အာဏာကို ကျင့်သုံးနေသည့် ကာလအတွင်းဖြစ်စေ လုံခြုံရေး၊ တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး တို့ကို မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေခြင်းငှာ လိုအပ်သည့် အရေးယူဆောင်ရွက်မှုပြုနိုင်ရန် လုပ်ပိုင်ခွင့်နှင့် တာဝန် များပေးအပ်ခြင်းခံရသည့် အာဏာပိုင်အဖွဲ့အစည်း တစ်ရပ်ရပ်၊ ယင်းအဖွဲ့အစည်းဝင် တစ်ဦးဦး၊ နယ်ဘက်ဝန်ထမ်း အဖွဲ့အစည်း တစ်ရပ်ရပ်၊ ယင်းအဖွဲ့အစည်းဝင် တစ်ဦးဦး၊ စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်း တစ်ရပ်ရပ်၊ ယင်းအဖွဲ့အစည်းဝင် တစ်ဦးဦး၏ တရားဝင် ဆောင်ရွက်ချက်များသည် အတည်ဖြစ်စေရမည်။ ယင်းတရားဝင် ဆောင်ရွက်ချက်များအပေါ် အကြောင်းပြုလျက် တရားစွဲဆိုခွင့် မရှိစေရ**

ဟူ၍ ဖြစ်ကြပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက်များဟာ ကျိုးကြောင်းဆီလျော်မှုရှိပြီး အနာဂတ်နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒို့တာဝန်အရေး(၃)ပါးကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးတို့အတွက် အမျိုးသားညီလာခံရဲ့ ဦးတည်ချက်(၆)ရပ်နှင့်အညီ ရှင်းလင်းတင်ပြထားတာကို တွေ့ရှိရပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှာ ပါဝင်တဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များက အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြချက်မှာပါဝင်တဲ့–

| | |
|---|---|
| **ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက်အခြေခံမူ** | **(၁၄) ချက်နှင့်** |
| **ခြွင်းချက်အချက်** | **(၁) ချက်** |
| **နိုင်ငံရေးပါတီများအခန်းအတွက် အခြေခံမူ** | **(၆) ချက်** |
| **အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအခန်းအတွက်** | **(၂၃) ချက်** |

တို့အား လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြလိုပါတယ်။

ဆက်လက်ပြီး အကြံပြုချက်များပါဝင်တဲ့ စာတမ်းဒုတိယပိုင်းကို ဒေါက်တာ ချမ်းသာ(ခ)ဦးညီညီက ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား–**

ကျွန်တော်ကတော့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ ရခိုင်ပြည်နယ် စစ်တွေမြို့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဒေါက်တာချမ်းသာ (ခ) ဦးညီညီ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော့်အနေနှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ စာတမ်းဒုတိယပိုင်းကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့အနေနှင့် အကြံပြုချက်စာတမ်းပထမပိုင်းမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့တဲ့ ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများ အခန်းနှင့် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များ အခန်းတို့အတွက် အသေးစိတ် အခြေခံသင့်တဲ့မူများကို ထောက်ခံပါကြောင်း တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

အဲဒီလိုထောက်ခံပြီး ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များက အမျိုးသား ညီလာခံတက်ရောက်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ဖြစ်တဲ့ အကြံကောင်း၊ ဉာဏ်ကောင်းများ ပေးနိုင်ဖို့အတွက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်များကို အသေးစိတ်လေ့လာခြင်း၊ ဝိုင်းဝန်း ဆွေးနွေးညှိနှိုင်းကြခြင်း၊ အစုအဖွဲ့အတွင်း သဘောတူညီချက်များ ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါတယ်။

ဒါကြောင့် ရွေးကောက်တင်မြှောက်ခြင်း အခန်းအတွက် အကြံပြုချက် (၂)ချက်၊ နိုင်ငံရေးပါတီများအခန်းအတွက် အကြံပြုချက်(၁)ချက်၊ အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက် အကြံပြုချက်(၅)ချက်တို့ကို ၂၃–၁၁–၂၀၀၆ နေ့မှာ ကျင်းပခဲ့တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့အစည်းအဝေးမှာ အတည်ပြုချက် ရယူခဲ့ကြပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား–**

ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့အနေနဲ့ ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်မှာ မပါဝင်တဲ့ အောက်ပါအချက် (၂)ချက်ကို သီးခြားအကြံပြုလိုပါတယ်။ အဲဒီအချက်တွေကတော့–

(က) **နိုင်ငံအချို့မှာ ရွေးကောက်ပွဲတွင် လည်းကောင်း၊ လွှတ်တော် အစည်းအဝေး မဲဆန္ဒပေးရာတွင်လည်းကောင်း၊ မဲဆန္ဒရှင်ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်နှင့် နိုင်ငံရေးပါတီများကို money (ငွေ)၊ muscle (အင်အား)၊ mafia (မာဖီးယား) အစရှိတဲ့ အဂတိဂိုဏ်း၊ ဒုစရိုက်ဂိုဏ်းများ ခြိမ်းခြောက်လွှမ်းမိုးခဲ့လို့ တိုင်းပြည် အတော်လေးနစ်နာခဲ့တဲ့ သာဓကတွေ ရှိခဲ့ပါတယ်။ အဲဒီလိုမျိုး မဖြစ်စေဖို့ Anti-Defection Law (ပါတီကူးပြောင်းခြင်း ကာကွယ်သည့်ဥပဒေ) အပါအဝင် ထိရောက်သော ပြဋ္ဌာန်း ချက်၊ ဥပဒေများ သတ်မှတ်ပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုလိုပါတယ်။**

(ခ) **ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အစည်းအဝေးများတွင် ကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦး သို့မဟုတ် နှစ်ဦးတို့က ၎င်းတို့ နှစ်ခြိုက်သကဲ့သို့ ဆုံးဖြတ်ချက်ပေးခြင်းကို ကြိုတင်ဟန့်တား ကာကွယ်ခြင်းငှာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အစည်း အဝေး ဆုံးဖြတ်ချက်များသည် တညီတညွတ် Unanimous သို့မဟုတ် အများဆန္ဒ Majority အရသာ ဖြစ်စေရမည်ဟူ၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းခြင်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းပါရန် အကြံပြု တင်ပြအပ်ပါတယ်။**

**လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား–**

ယခုဆက်လက်ပြီး နိုင်ငံရေးပါတီများအခန်းတွင် ပါဝင်မည့် သီးခြား အကြံပြုချက် (၁)ချက်ကို တင်ပြလိုပါတယ်။

လွတ်လပ်သည့် နိုင်ငံတစ်ခုတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိတဲ့ နိုင်ငံရေး စနစ်ကို အကဲဖြတ်ကောက်ချက်ပြုရာမှာ အဓိကထားရမယ့်စံဟာ လွတ်လပ်မှုနဲ့ အချုပ်အခြာအာဏာပိုင်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ခြင်း၊ နိုင်ငံတော်တည်ငြိမ် အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေခြင်း၊ နိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ပေါင်းစုံ ပြည်သူများ စားဝတ်နေမှုဘဝ အဆင့်အတန်း မြင့်တက်စေခြင်းများ ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ ကျင့်သုံးနိုင်ဖို့ အဓိကအခြေခံလိုအပ်ချက်များ ရှိပါတယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး တရား ဥပဒေ စိုးမိုးမှုရှိခြင်း၊ စီးပွားရေးအခြေခံ အဆောက်အအုံများစနစ်ကျန ကောင်းမွန် ခြင်း၊ ပြည်သူအများ အသိဉာဏ်ပညာရည် ပြည့်ဝခြင်းများဖြစ်ပါတယ်။ လက်ရှိ ကျွန်တော်တို့နိုင်ငံမှာ တပ်မတော်အစိုးရဟာ အဲဒီအခြေခံ လိုအပ်ချက်များကို ဖြစ်ထွန်းလာအောင် အားသွန်ဆောင်ရွက်နေတာ တွေ့ရပါတယ်။

ဒါ့အပြင် တိုင်းပြည်နဲ့လူမျိုးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဲဒီနိုင်ငံမှာ ခိုင်မာပြီး စနစ်တကျဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီများက ဦးဆောင်မှုပေးနိုင်ဖို့လည်း လိုအပ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံအပါအဝင် အချို့သော ပါလီမန်ဒီမိုကရေစီ စနစ်ကို ကျင့်သုံးတဲ့ နိုင်ငံများမှာ ဖွဲ့စည်းခဲ့တဲ့ပါတီများဟာ တစ်နိုင်ငံလုံး အရေးထက် ဒေသအရေးကို လည်းကောင်း၊ အမျိုးသားရေးထက် ပုဂ္ဂိုလ်ရေးများကို လည်းကောင်း ဦးစားပေးတဲ့ဂိုဏ်းဂဏ၊ အသင်းအဖွဲ့သဏ္ဌာန်ဆီ တဖြည်းဖြည်း ပြောင်းလဲခဲ့ကြတာကို တွေ့ကြုံရပါတယ်။ ဒီအကျိုးဆက်ကြောင့် မိမိနိုင်ငံရေး ပါတီရဲ့ မူလဦးတည် ရည်ရွယ်ချက်များ ပျောက်ပျက်မေးမှိန်ပြီး ပြည်သူများနဲ့ ကင်းကွာသည်ထက် ကင်းကွာကာ မရှုမလှ ဓာတ်သိမ်းခဲ့တာကိုလည်း တွေ့ကြရ ပါတယ်။

အထူးသဖြင့် ကျွန်တော်တို့နိုင်ငံရဲ့ အတိတ် နိုင်ငံရေးသမိုင်းကြောင်းကို လေ့လာရင် ခါးသီးတဲ့အတွေ့အကြုံ သင်ခန်းစာများရရှိမှာ ဖြစ်ပါတယ်။ နိုင်ငံရေး ပါတီများရှိ အားနည်းချက်ဒဏ်ကို တိုင်းပြည်နဲ့လူမျိုးတို့က ခါးစည်းခံခဲ့ကြရ ပါတယ်။

နိုင်ငံလွတ်လပ်ရေးအတွက် ဦးစီးဦးရွက်ပြုပြီး ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ ဖဆပလ အဖွဲ့ချုပ်ကြီးဟာ လွတ်လပ်ရေးရတော့မယ့်ကာလနဲ့ လွတ်လပ်ရေး ရခါစကာလများမှာ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ ပဋိပက္ခများနှင့် ကြုံခဲ့ရပါတယ်။ မိမိ ပါတီ အဖွဲ့အစည်းဖြစ်စေ၊ အခြားပါတီ အဖွဲ့အစည်းဖြစ်စေ ဒီလို ပဋိပက္ခ ဖြစ်ပွားမှု အခြင်းအရာမျိုးမှာ မလွဲမရှောင်သာ ပေါ်ပေါက်လေ့ရှိပြီး စနစ်တကျ ကိုင်တွယ်ဖြေရှင်းမှု မပြုနိုင်လို့ လုပ်ကြံမှုနှင့် အကွဲအပြဲဖြစ်မှုများ ပေါ်ပေါက် ခဲ့ရပါတယ်။ အကွဲအပြဲဖြစ်မှုကြောင့် လက်နက်ကိုင် ပဋိပက္ခအထိ တက်လှမ်း လာလို့ နောက်ဆုံးအကျိုးဆက်အနေနဲ့ "တိုင်းပြည်ကနုနု မုန်တိုင်းကထန်ထန်" "ရန်ကုန်အစိုးရ" စသည်ဖြင့် တင်စားရလောက်အောင် တိုင်းပြည်အခြေအနေ

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

စာမျက်နှာ ၇ မှ

ဆိုးရွားခဲ့ရပါတယ်။ ပြည်သူတွေ ဒုက္ခပင်လယ်ဝေခဲ့ကြရပါတယ်။ တပ်မတော်က သွေးမြေကျခံ ကြိုးပမ်းကာကွယ် ဆောင်ရွက်ရင်း အခြေအနေဆိုးကို လှည့်ပြောင်း ကယ်တင်ခဲ့ရပါတယ်။

ဒီနောက် အာဏာရပါတီအတွင်း ပုဂ္ဂိုလ်အစွဲကို ပေါ်ပေါက်ခဲ့တဲ့ သန့်ရှင်းတည်မြဲ အုပ်စုကြီးရဲ့ အကွဲအပြဲဟာလည်း ပါတီအတွင်း ပဋိပက္ခဖြစ်သည့်တိုင် ဂယက်ရိုက်ခတ် အကျိုးသက်ရောက်မှုဟာ ပါတီပြင်ပအထိ ပျံ့နှံ့ခဲ့ပါတယ်။ အာဏာရပါတီဖြစ်လို့လဲ ဒီဆိုးကျိုးဒဏ်ကို တိုင်းပြည်က ပိုခံခဲ့ရပါတယ်။ အာဏာအလွဲသုံးစားပြုခြင်း၊ အတိုက်အခံများကိုသာမက ကြားနေနိုင်ငံရေးသမားများကိုပါ ဖိနှိပ်ညှဉ်းပန်းခြင်း၊ ရာထူးရာခံ စီးပွားရေးအခွင့်အလမ်းနဲ့ပတ်သက်ပြီး ဘက်လိုက်မှု၊ ချောင်ထိုးမှုများ ပြုလုပ်ခြင်း၊ နောက်ဆုံး မိမိအာဏာ တည်မြဲရေးအတွက် တပ်မတော်ကို ဂုဏ်သရေမေးမှိန်အောင်ပြုပြီး ချည့်နဲ့အောင် ဖြိုခွဲဖို့ ကြံစည်လာခြင်း စတဲ့ အနိဋ္ဌာရုံများ တွေ့ကြရပါတယ်။ ပြည်သူအချင်းချင်းကြား စိတ်ဝမ်းကွဲပြားမှု၊ မကျေနပ်မှု၊ တိုင်းပြည်မတိုးတက်လာမှု စတဲ့ ဆိုးကျိုးရလဒ်များ ပေါ်ထွက်ခဲ့ပါတယ်။

လက်ရှိ ကျွန်တော်တို့ရေးဆွဲနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်မှာဖြစ်လို့ အတိတ်က သင်ခန်းစာများကိုယူပြီး ယခင်က ပေါ်ပေါက်ခဲ့ဖူးတဲ့ နိုင်ငံရေးပါတီများရဲ့ အားနည်းချက်ကို တိုင်းပြည်နဲ့လူမျိုးက ခါးစည်းခံရတာမျိုး ထပ်မဖြစ်အောင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ထိန်းကျောင်းကာကွယ် ပြဋ္ဌာန်းပေးရန် လိုအပ်ပါတယ်။

နိုင်ငံတော်ရဲ့အကျိုး၊ ပြည်သူများရဲ့အကျိုးကို ဦးလည်မသုန်ဆောင်ရွက်ပေးကြဖို့ တာဝန်ရှိတဲ့ နိုင်ငံရေးပါတီများဟာ မိမိပါတီအတွင်းမှာဖြစ်စေ၊ အခြားသော ပါတီနဲ့ဖြစ်စေ မလွဲမရှောင်သာ ပဋိပက္ခများ ပေါ်ပေါက်တတ်တာဟာ သဘာဝတစ်ခု ဖြစ်ပါတယ်။ ဒီပဋိပက္ခများကို ကြီးထွားမလာအောင် ပြေလည်သွားအောင် ဒီမိုကရေစီနည်းလမ်းများအရ ဥပဒေများနဲ့အညီ စနစ်တကျ ထိန်းသိမ်းနိုင်စွမ်းရှိဖို့ လိုအပ်ပါတယ်။ တူတာကို လက်ခံနိုင်ဖို့၊ မတူတာကို ရန်သူအဖြစ် မသတ်မှတ်ဖို့၊ တူတာခြင်း လက်တွဲပူးပေါင်း ဆောင်ရွက်နိုင်ဖို့ဆိုတဲ့ ဒီမိုကရေစီကျင့်စဉ် လုပ်ထုံးများကို နှလုံးသွင်းကျင့်ကြံသင့်ပါတယ်။ တစ်ဖက်ကလည်း ပဋိပက္ခများကြောင့် နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုးတို့ကို မထိခိုက်အောင် တားဆီးကာကွယ်ဖို့ ထိရောက်တဲ့ အစီအမံများ ပါရှိသင့်ပါတယ်။ သို့ဖြစ်ပါ၍ **"ပါတီတစ်ခုအတွင်း၌ဖြစ်စေ၊ ပါတီများအတွင်း၌ဖြစ်စေ စိတ်ဝမ်းကွဲပြားပြီး ပဋိပက္ခများ ဖြစ်ပွား၍ ထိုသို့ ဖြစ်ပွားခြင်းသည် နိုင်ငံတော်၏ နိုင်ငံရေး၊ လုံခြုံရေးနှင့် စီးပွားရေးတည်ငြိမ်မှုကို ထိခိုက်နစ်နာစေမည့် အန္တရာယ်သို့ ဦးတည်လာခြင်း မဖြစ်စေရေးအတွက် နိုင်ငံရေးပါတီများအနေနှင့် သတိထားသင့်၊ ထိန်းသိမ်းဆောင်ရွက်သင့်ကြောင်း"** အကြံပြုလိုပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား—**

ဆက်လက်ပြီး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းမှာ ပါဝင်မယ့် ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ရဲ့ အကြံပြုချက်များကို တင်ပြသွားပါမယ်။

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းချက်မှာ ပါဝင်တဲ့ "အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအခန်း"တွင် ပါဝင်တဲ့ အပိုဒ် ၁ မှာ—

**"တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင် ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင် ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်း မရှိကြောင်း သိရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေကြေညာနိုင်သည်"**ဟူ၍ ဖော်ပြပါရှိသည်။

နိုင်ငံတော်သမ္မတအနေနဲ့ အရေးပေါ်အခြေအနေကြေညာမည့် ဒေသတစ်ခုခု၏ အခြေအနေကို "ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိကြောင်း"သိရှိလျှင် အရေးပေါ်အခြေအနေ ကြေညာရမှာဖြစ်ပါတယ်။ အဲဒီလို ကြေညာနိုင်ဖို့ အဲဒီဒေသမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်နိုင်စွမ်း မရှိကြောင်း တိတိကျကျ သိဖို့လိုသလို တိတိကျကျလည်း သတ်မှတ်ပြဋ္ဌာန်းထားဖို့ လိုမှာဖြစ်ပါတယ်။

အရေးပေါ်အခြေအနေကြေညာရမည့် ဒေသတစ်ခုခုမှာ တာဝန်ယူနေရတဲ့ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့ကလည်း ဆောင်ရွက်နိုင်စွမ်းမရှိကြောင်း တင်ပြပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲဒီလို တင်ပြပေးဖို့ ပျက်ကွက်ခြင်း၊ ဒါမှမဟုတ် ဖြေရှင်းနေခြင်းဆိုတဲ့ ကာလအတွင်းမှာ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နဲ့အညီ ဆောင်ရွက်နိုင်စွမ်းမရှိကြောင်း သိရှိလျှင်လည်း နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေ ကြေညာနိုင်တယ်လို့ သတ်မှတ်ပြဋ္ဌာန်းသင့်ပါတယ်။ ဒါကြောင့် အပိုဒ် ၁ ကို—

**"တိုင်းဒေသကြီးတစ်ခုတွင် ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင် ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင် ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိကြောင်း သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းက တင်ပြလာလျှင် သို့မဟုတ် အခြားနည်းလမ်းဖြင့် သိရှိပြီး အမှန်တကယ်ဖြစ်ကြောင်း ယုံကြည်ပါက နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့် ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်"** ဟူ၍ သတ်မှတ်သင့်ပါကြောင်း အကြံပြုအပ်ပါတယ်။

**လေးစားအပ်တဲ့သဘာပတိကြီးခင်ဗျား—**

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်မှာ ပါဝင်တဲ့ အပိုဒ် ၉(က)တွင်**"တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ကြောင်း ကြေညာရမည်"**ဟူ၍ ဖော်ပြထားပါတယ်။ အလားတူအပိုဒ် ၁၀ ၌ နိုင်ငံတော်အာဏာလွှဲအပ်ခြင်းခံရသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်" ဟူ၍ ဖော်ပြထားပြီးဖြစ်၍လည်းကောင်း၊ အပိုဒ် ၁၂ (က)၊ အပိုဒ် ၁၃ နှင့် အပိုဒ် ၁၇ တို့တွင် **"နိုင်ငံတော်အာဏာ"** ဟူသော စကားရပ်ကို သုံးနှုန်းထား၍လည်းကောင်း၊ ယင်းအပိုဒ် ၃ ခုနှင့် လိုက်လျောညီထွေစွာ ဖြစ်စေခြင်းငှာ အပိုဒ် ၉(က) တွင် ဖော်ပြထားသည့် "နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများ" စကားရပ်အစား "နိုင်ငံတော်အာဏာ"ဟူ၍ ပြင်ဆင်သင့်ပါတယ်။

ဆက်လက်ပြီး အကြံပြုလိုတဲ့ အချက်ကတော့ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်မှာပါဝင်တဲ့ အပိုဒ်၁၂(ခ) မှာ တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းမပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်းဖော်ပြလျက် တင်ပြလာပါက နိုင်ငံတော်သမ္မတက သက်တမ်းတိုးမြှင့်ပေးရမှာဖြစ်ပြီး အဲဒီလိုသက်တမ်း တိုးမြှင့်ပေးသည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော်အရေးပေါ် အစည်းအဝေးခေါ်ယူစေပြီး တင်ပြရမှာဖြစ်ပါတယ်။

ဒီနေရာမှာ နိုင်ငံတော်သမ္မတအနေနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သတ်မှတ်ချိန်ကာလ တိုးမြှင့်ပေးဖို့ အကျိုးအကြောင်းဖော်ပြပြီး တင်ပြလာပါက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ညှိနှိုင်းဆောင်ရွက်စေသင့်ပါတယ်။

ဒါကြောင့် အပိုဒ် ၁၂(ခ)အား—

**"တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့်တာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက်ခြင်း မပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်းဖော်ပြလျက် တင်ပြလာပါက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်။ ယင်းသို့တိုးမြှင့်ပေးသည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေးခေါ်ယူစေ၍ အစီရင်ခံတင်ပြရမည်"** ဟူ၍ ဖြည့်စွက်သင့်ပါကြောင်း အကြံပြုအပ်ပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား—**

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်မှာပါဝင်တဲ့ အပိုဒ် ၁၃ နဲ့ ပတ်သက်ပြီး စာသားဖြည့်စွက်သင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။

**"နိုင်ငံတော်သမ္မတထံသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်ထားသည့်တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း တင်ပြလာသည့်အခါတွင် ပြည်ထောင်စုလွှတ်တော် သက်တမ်းမကုန်ဆုံးသေးပါက ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေးခေါ်ယူစေ၍ ဆောင်ရွက်ရမှာဖြစ်ပြီး ပြည်ထောင်စုလွှတ်တော် သက်တမ်းကုန်ဆုံးပြီးပါက အပိုဒ် ၉ အရ အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာရမှာဖြစ်ပါတယ်"** အဲဒီလို ဆောင်ရွက်ရာမှာ နိုင်ငံတော်သမ္မတအနေနှင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် **"အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းပြီး"** ဟူသောစာသားကို ဖြည့်စွက်ဖို့ အကြံပြုလိုပါတယ်။

ဒါကြောင့် အပိုဒ် ၁၃ အား—

**"နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ကိုပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း တင်ပြလာသည့်အခါ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ပြည်ထောင်စုလွှတ်တော် သက်တမ်းမကုန်ဆုံးသေးပါက ပြည်ထောင်စုလွှတ်တော် အရေးပေါ် အစည်းအဝေးခေါ်ယူစေ၍ အစီရင်ခံတင်ပြပြီးသည့် နေ့မှစ ၍ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော် သက်တမ်းကုန်ဆုံးပြီးဖြစ်ပါက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံမှ တင်ပြချက်လက်ခံရရှိသည့် နေ့မှစ၍ဖြစ်စေ အပိုဒ် ၉ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်ကိုပယ်ဖျက်ကြောင်း ကြေညာရမည်"** ဟူ၍ သတ်မှတ်သင့်ပါကြောင်း အကြံပြုလိုပါတယ်။

**လေးစားအပ်တဲ့သဘာပတိကြီးခင်ဗျား—**

ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှာ ပါဝင်တဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာမှာ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းအတွက် အသေးစိတ်အခြေခံသင့်တဲ့မူများကို အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်မှာ ပါဝင်တဲ့အတိုင်း အကြံပြုခဲ့ကြသလို အထူးတင်ပြလိုတဲ့ အချက်ကိုလည်း အကြံပြုလိုပါတယ်။

အထူးတင်ပြလိုတဲ့ အချက်ကတော့ **"နိုင်ငံတော်သမ္မတ အနေနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ပေးအပ်ထားသည့်တာဝန်နှင့် ပတ်သက်ပြီး သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးသည့် ကိစ္စဖြစ်စေ၊ အမိန့်ကိုပယ်ဖျက်ကြောင်း ကြေညာသည့်ကိစ္စဖြစ်စေ၊ အကယ်၍ ပြည်ထောင်စုလွှတ်တော် သက်တမ်းကုန်ဆုံးပြီးဖြစ်နေပါက ယင်းကိစ္စရပ်များကို ထပ်မံ အသစ်ပေါ်ပေါက်လာမည့် ပြည်ထောင်စုလွှတ်တော် ပထမအကြိမ်အစည်းအဝေးတွင် တင်ပြအစီရင်ခံသင့်ကြောင်း"** အကြံပြုတင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့သဘာပတိကြီးခင်ဗျား—**

ကျွန်တော့်အနေနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှာ ပါဝင်တဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များရဲ့ကိုယ်စား စာတမ်းဒုတိယပိုင်းကို ဖတ်ကြားခဲ့ပြီးဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ စာတမ်းမှာ ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် စစ်မှန်တဲ့ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊ ဒီမိုကရေစီရဲ့အသွင်သဏ္ဌာန်ဖြစ်တဲ့ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်းစတဲ့ လောကပါလတရားများ ပြန့်ပွားစေရေး ရည်ရွယ်ပြီး အသေးစိတ်အခြေခံသင့်တဲ့မူများအပေါ် သီးခြား အကြံပြုချက်များ တင်ပြခဲ့ပါတယ်။

အလားတူပဲ နိုင်ငံရေးပါတီများအခန်းအတွက် လူကောင်းမှ မူလည်း ကောင်းမှာဖြစ်ပြီး မူကောင်းမှ ပါတီအဖွဲ့များလည်း ကောင်းကာ ပြည်သူအများ အားထားရတဲ့ အစိုးရတစ်ရပ်ပေါ်ထွက်လာပြီး နိုင်ငံနဲ့ပြည်သူအကျိုး၊ အမျိုး ဘာသာ သာသနာအကျိုး ဆောင်ရွက်နိုင်ကြမှာပါ။ ဒါကြောင့် အသေးစိတ် အခြေခံမူများ ချမှတ်နိုင်ရေးအတွက် ကြိုးစားအကြံပြုထားကြပါတယ်။

အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းအတွက်လည်း ဒို့တာဝန် အရေးသုံးပါးကို ထာဝစဉ် စောင့်ရှောက်နိုင်ရေးကိုဦးတည်ပြီး တိုင်းနိုင်ငံအန္တ မငြိမ်သက်မှု၊ ဆူပူအုံကြွမှုနှင့် သဘာဝဘေးဒဏ်စတဲ့ အရေးပေါ်ကာလများမှာ ဆောင်ရွက်နိုင်ဖို့ တိတိကျကျသတ်မှတ်ပြဋ္ဌာန်းထားချက်များဟာ အသေးစိတ် အခြေခံသင့်တဲ့မူများ ဖြစ်ကြပါတယ်။

ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့အနေနှင့် အမျိုးသားညီလာခံကြီး အောင်မြင်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးတို့အတွက် တစ်ခန်းတစ်ကဏ္ဍ၊ တစ်ထောင့်တစ်နေရာမှနေပြီး ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ။

## သီတဂူအရှင်ဒေဝိန္ဒာဘိဝံသတရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ သကျသီဟသာမဏေကျော် သာသနဓဇ ဓမ္မာစရိယ၊ သကျသီဟ ဓမ္မာစရိယ သီတဂူအရှင်ဒေဝိန္ဒာဘိဝံသသည် ဒီဇင်ဘာ၁၈ရက်တွင် မန္တလေးမြို့ စက်မှုဇုန်၊ ၁၉ရက်၌ မန္တလေးမြို့ ၃၅လမ်း၊ ၂၀ရက်တွင် မန္တလေးမြို့ မြရည်နန္ဒာလမ်း၊ ၂၁ရက်၌ရန်ကုန်မြို့သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံအထူးတရားပွဲ၊ ၂၂ ရက်တွင် မန္တလေးမြို့ အောင်တော်မူဘုရား၊ ၂၃ရက်၌ မြစ်ငယ်မြို့ ရှင်ပြုအလှူ၊၂၄ရက်တွင် ပခုက္ကူမြို့ သာမဏေကျော်စာတော်ပြန်ပွဲ ဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားတော်မူမည် ဖြစ်သည်။ ဆရာတော်နှင့် ဆက်သွယ်လိုပါက သီတဂူကမ္ဘာ့ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဖုန်း-၀၇၂-၂၂၂၆၀သို့ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

## ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး

## စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းအတွက် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းအဖြစ် အောက်ဖော်ပြပါလုပ်ငန်းကြီး(၅)ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်—

(၁) စေတီတော်ကြီးအား ရွှေစင်ရွှေပြားနှင့် မျက်ပါးရွှေသင်္ကန်းများကပ်လှူခြင်း၊
(၂) မုခ်ဦးနှင့် မဟာရံတံတိုင်းတို့ကို ဆေးသုတ်မွမ်းမံခြင်း၊
(၃) ရင်ပြင်တော်လျှောက်လမ်းကို နေပူခံကျောက်ပြားများခင်းခြင်း၊
(၄) သာသနိက အဆောက်အအုံများ ပြုပြင်မွမ်းမံဆေးသုတ်ခြင်း၊
(၅) လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၊

အဆိုပါလုပ်ငန်းကြီး (၅)ရပ်အတွက် စေတနာရှင်၊ ကုသိုလ်ရှင် ရဟန်းရှင်လူပြည်သူများအနေဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်း ကုသိုလ်ယူလိုပါက အောက်ပါဌာနများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်—

- ဦးခင်မောင်ဌေး၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဖုန်း ၀၁-၅၃၅၅၅၃၊ ၅၃၅၈၀၀
- ဗိုလ်မှူးကြီးအောင်မျိုးမြင့်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖုန်း ၀၁-၅၃၇၉၄၉၊ ၅၃၅၉၇၃
- ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း ၀၁-၂၉၀၄၂၅

**ရွှေဘုန်းပွင့်စေတီတော်**
**ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးဗဟိုကော်မတီ။**



**ရန်ကင်းပြည်သာယာ (ကျိုက္ကဆံ ILBC တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ကျပ်တစ်သိန်းနှင့် စစ်ကိုင်း-မင်းကွန်းကားလမ်း မြေဖို့အလှူအတွက် ကျပ်တစ်သိန်းကို (လှဆန်းယဉ်အားကစားဘောင်းဘီ) ဦးမြင့်စိန်-ဒေါ်လှအေး မိသားစုက လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော်က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။**

(က-ပ)

## လူထုပညာတိုးတက်ဖွံ့ဖြိုးမှုအသင်း ပညာရည်ချွန်ဆုပေးပွဲများ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

လူထုပညာ မိသားစုအဖွဲ့ကို အမည်ပြောင်းလိုက်သော လူထုပညာတိုးတက်ဖွံ့ဖြိုးမှုအသင်း၏ နှစ်ပတ်လည်မိတ်ဆုံပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲများကို ဒီဇင်ဘာ ၃၁ ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီမှ မွန်းတည့်၁၂နာရီအထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း နှင်းဆီကုန်းဘိုးဘွားရိပ်သာ (သီရိရတနာ) ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

**ဆက်သွယ်နိုင်**

အသင်းဝင်များနှင့် လူထုပညာ မိသားစုများ ကြွရောက်ရန် ဖိတ်ကြားထားကြောင်းနှင့် လူထုပညာ မျိုးဆက်သစ်များဖြစ်သည့် ၂၀၀၅-၂၀၀၆ တက္ကသိုလ်ဝင်စာမေး ပွဲဂုဏ်ထူးရသူများနှင့် ပညာရည်ချွန်ဆု ရရှိသူကျောင်းသူကျောင်းသားများ၊ ၂၀၀၅-၂၀၀၆ ခုနှစ်ဘွဲ့ထူးဂုဏ်ထူးရရှိသူများ၊ အသက် ၈၀ အတွင်းသို့ရောက်ရှိသူ မိသားစုအသင်းဝင်များသည် ဥက္ကဋ္ဌဦးအောင်သန်း ဘဏ္ဍာရေးမှူး နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဖုန်း-၅၄၁၇၉၆နှင့် အတွင်းရေးမှူး ဦးခင်မောင် အမှတ် ၅၆ လှည်းတန်းလမ်းမ ကမာရွတ်မြို့နယ် ဖုန်း-၅၂၇၅၅၇တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

● **ကျောဖုံးမှ**

ရွှေတိဂုံစေတီတော်နှင့် မြို့တော်ခန်းမ စသည့် မြင်ကွင်းအလှပသာဒများကို တစုတစည်း တည်ဆောက်ထားသည့် National Landmarks Garden ဥယျာဉ်ကြီးကိုလည်း ထိုအမျိုးသားကန်တော်ကြီးဥယျာဉ်စိန်ရတုပွဲတော်ကာလတွင် ဖွင့်လှစ်မည်ဖြစ်၍ ခရီးသွားပြည်သူတို့အတွက် အေးချမ်းပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်မည့်အပြင် ဒေသန္တရဗဟုသုတများကိုလည်းလေ့လာနိုင်မည်ဖြစ်သည်။

ယင်းအထင်ကရ အဆောက်အအုံများသည် မူလပုံစံအတိုင်း စနစ်တကျတိုင်းထွာပြုလုပ်ထား၍ အပန်းဖြေလာရောက်သူများအတွက် ပျော်ရွှင်ကျေနပ်မှုကို အမှန်တကယ်ပေးစွမ်းနိုင်ပေလိမ့်မည်ဖြစ်သည်။



**ရောင်စုံပန်းအလှများဖြင့် ခြယ်မှုန်းထားသည့် ဟသ်ာငှက်ပုံ ပန်းကလပ်ကြီးကို ပန်းပွဲတော်အတွင်း ဤသို့ ရှုမငြီးဖွယ် တွေ့ရမည်။**
ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

## ခရီးဦးကြိုပြုမည်

ထိုသို့ ခရီးသွားပြည်သူများအား ပျော်ရွှင်ကျေနပ်မှုကို ပေးစွမ်းနိုင်မည့် နောက်ထပ်အရာတစ်ခုမှာပထမအကြိမ်ကျင်းပသော ပန်းပွဲတော်ကြီးပင်ဖြစ်သည်။ ပန်းပွဲတော်ကြီးနှင့်အတူ ကျင်းပသော အမျိုးသားကန်တော်ကြီး စိန်ရတုပွဲတော်အတွင်း ဝင်ရောက်လိုက်သည်ဆိုသည်နှင့်တစ်ပြိုင်တည်း အေးမြသော သဘာဝရာသီဥတု၊ ထုံသင်းမွှေးကြိုင်သောပန်းရနံ့၊သာယာလှပသောမြင်ကွင်းအလှ၊ ဆန်းသစ်သော ပန်းအလှတီထွင်မှုပြကွက်များက ခရီးသွားပြည်သူများအားခရီးဦးကြိုပြုမည်မှာသေချာနေသည်။

အဆိုပါ ပန်းပွဲတော်ကြီးကို သစ်တောရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် သစ်တောဦးစီးဌာနနှင့် Wood Land Co.,Ltd. တို့ပူးပေါင်း စည်းကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပန်းပွဲတော်ကြီးတွင် ပြည်တွင်း၊ ပြည်ပမှ ပန်းမျိုးစုံနှင့် သစ်ခွပန်းများ ပါဝင်ပြသမည်ဖြစ်ပြီး အရေအတွက်အားဖြင့် ပန်းပွင့်နှစ်သန်းခန့် ပြသသွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်က မကြာမီကပြုလုပ်သော စာနယ်ဇင်းများနှင့် တွေ့ဆုံပွဲတစ်ရပ်၌ ပြောကြားခဲ့သည်။

ပန်းပွဲတော် ကျင်းပမည့်နေရာမှာ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း၌ဖြစ်ပြီး ဆောင်းရာသီတွင် ပွင့်တတ်သောပန်းများ အများအပြားပြသမည်ဖြစ်ပြီး ပွဲတော်ကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

## တွေ့မြင်ရှုစားရမည်

အဆိုပါ ပန်းပွဲတော်ကြီးအတွင်း အထူးလက်ရာအဖြစ် တွေ့မြင်ရမည့် ပန်းရုပ်လုံးဖော်များမှာ မြနန်းစံကျော်နန်းမြို့ရိုးပုံ၊ လှပသောပန်းကလပ်ကြီးလေးခုပုံ၊ နန်းမြင့်မျှော်စင်ပုံ၊ ဟသ်ာငှက်ကို ပန်းရောင်စုံဖြင့် ခြယ်မှုန်းထားပုံ၊ မြန်မာနိုင်ငံ၏မြေပုံကို ရောင်စုံပန်းများဖြင့် ပြည်နယ်နှင့် တိုင်းများအလိုက် အလှအပစီမံထားပုံတို့ကို အထူးမြင်ကွင်းတစ်ရပ်အဖြစ် တွေ့မြင်ရှုစားရမည်ဖြစ်သည်။

ထို့အပြင် ပြည်တွင်းမှ ထွက်ရှိသောသစ်ခွပန်းများ၊ ပြည်ပမှ တကူးတက မှာယူတင်သွင်းပြသသော ရှားပါးသစ်ခွများကိုလည်း ဒီဇိုင်းဆန်းပုံများပြုလုပ်၍ ဝေဝေဆာဆာပြသသွားမည်ဖြစ်ကြောင်း သိရသည်။

## ဗဟုသုတများ တိုးပွား

အမျိုးသားကန်တော်ကြီး ဥယျာဉ်ကြီး၊ အထင်ကရ အထိမ်းအမှတ်ဥယျာဉ်ကြီးနှင့် ပန်းပွဲတော်ကြီးတွင် ပြည်နယ်နှင့် တိုင်းများအလိုက် ပေါက်ရောက်တတ်သည့် သဘာဝပေါက်ပင်များကိုလည်း မှာယူစိုက်ပျိုးထား၍ ခရီးသွားပြည်သူများအတွက် အပန်းဖြေအနားယူနိုင်မည့်အပြင် ရုက္ခဗေဒ ဗဟုသုတများလည်း တိုးပွားရှာဖွေနိုင်ကြပေလိမ့်မည်ဖြစ်သည်။

## သဘာဝပေါက်ပင်များ

ကချင်ပြည်နယ်၌ ပေါက်ရောက်သော သစ်မွှေး၊ ကံ့ကော်၊ ကျွန်း၊ ပျဉ်းကတိုး၊ မင်းဘောနှင့် အုံတုံ၊ ကယားပြည်နယ်၌ ပေါက်ရောက်သော အင်ကြင်း၊ ထင်းရှူးနှင့် ပန်းတမာ၊ ကရင်ပြည်နယ်၌ ပေါက်ရောက်သော ဒူးရင်း၊ ကျွဲကော၊ ထန်း၊ တစောင်း၊ ချင်းပြည်နယ်၌ ပေါက်ရောက် သော တောင်ဇလပ်၊ ထင်းရှူး၊ ခါတော်မီ၊ မွန်ပြည်နယ်၌ ပေါက်ရောက်သော မရမ်းပင်၊ တည်း၊ ကြက်မောက်နှင့် ရော်ဘာ၊ ရခိုင်ပြည်နယ်၌ ပေါက်ရောက်သော သဇင်၊ ပင်လယ်ကဗွီး၊ ပုန်းညက်၊ ရှမ်းပြည်နယ်၌ ပေါက်ရောက်သော စိန်ပန်းပြာ၊ ခါတော်မီ၊ ထင်းရှူးနှင့် ချယ်ရီ၊ ရန်ကုန်တိုင်း၌ ပေါက်ရောက်သည့် တရုတ်စကား၊ ရေတမာ၊ ကံ့ကော်နှင့်ခရေ၊ မန္တလေးတိုင်း၌ ပေါက်ရောက်သော တမာ၊ စိန်ပန်း၊ မန်ကျည်း၊ စကားဝါ နှင့် ထန်းပင်၊ မကွေးတိုင်း၌ ပေါက်ရောက်သောမယ်ဇလီ၊ထနောင်း၊ ရှား၊ စန္ဒကူး၊ကုက္ကို၊ ဖန်ခါးနှင့် သစ်ဆိမ့်၊ စစ်ကိုင်းတိုင်း၌တွေ့ရသော ပိတောက်၊ စွယ်တော်၊ ငုရွှေဝါ၊ ပဲခူးတိုင်း၌တွေ့ရသော ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ဧရာဝတီတိုင်း၌ ပေါက်ရောက်သည့် အုန်း၊ မင်းဘော၊ ပင်လယ်ကဗွီး၊ တနင်္သာရီတိုင်း၌ ပေါက်ရောက်သော ဆီအုန်းနှင့် ကရမက်စသော သဘာဝပေါက်ပင်များကိုလည်း တွေ့ရမည်ဖြစ်သည်။

## လေ့လာခွင့်ကြုံ

တစ်ဖန် သစ်တောရေးရာဝန်ကြီးဌာနက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကိုပါ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိခြင်းကြောင့် ဥယျာဉ်အတွင်း သဘာဝကျေးငှက်များ၊ ရှားပါးလိပ်ပြာများကိုလည်း လေ့လာခွင့်ကြုံပေလိမ့်မည်ဖြစ်သည်။

အဆိုပါ ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုပွဲတော်၊ အထင်ကရအထိမ်းအမှတ်များ ဥယျာဉ်ဖွင့်ပွဲနှင့် ပန်းပွဲတော်ကြီး စည်ကားသိုက်မြိုက်စေရေးအတွက် ဖျော်ဖြေရေးအစီအစဉ်အဖြစ် ဂီတလုလင်ဦးကိုကို၏ ဂီတနန္ဒဝန်အဖွဲ့၏ ဖွင့်ပွဲအထိမ်းအမှတ်ဂုဏ်ပြုတေး ဖျော်ဖြေတင်ဆက်မှု၊ မန္တလေးမြို့ ယဉ်ကျေးမှု ဦးစီးဌာနနှင့် မြို့မအဖွဲ့တို့၏ တီးမှုတ်ဖျော်ဖြေမှုများ ပါဝင်မည်ဖြစ်သည်။

## ဖျော်ဖြေတင်ဆက်မည်

ထိုအပြင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှ ရွှေတံဆိပ်ဆုရ ဂီတမျိုးဆက်သစ်များကလည်း ပါဝင်ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း၊ ခေတ်ပေါ်အဆိုတော်များလည်း ပါဝင်ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်းသိရသည်။

## ကြည့်ရှုခံစား

သို့ဖြစ်၍ ကြိုတောင့်ကြိုခဲလှစွာသော အမျိုးသားကန်တော်ကြီးဥယျာဉ်စိန်ရတုပွဲတော်သို့ ခရီးသွားပြည်သူများအနေဖြင့် သင်းပျံ့မွှေးကြိုင်သော ပန်းပေါင်းစုံရနံ့၊ ရှုမငြီးဖွယ်သော ပန်းအလှရှုခင်းများ၊ သာယာငြိမ့်ညောင်းသော ဂီတသံစဉ်များနှင့် ပျော်ရွှင်ဖွယ်ကောင်းသော ဖျော်ဖြေတင်ဆက်မှုအမျိုးမျိုးတို့ကို ကြည့်ရှုခံစားနိုင်ရေးအတွက် ပြင်ဦးလွင် အမျိုးသားကန်တော်ကြီး ဥယျာဉ်စိန်ရတုပွဲတော်သို့ အရောက်လှမ်းခဲ့စေချင်ကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**



**ရှားပါးလှသည့် ပန်းအလှများကိုလည်း ပန်းပွဲတော်အတွင်း ဤသို့ ပြသထားမည်။**
ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

# စွယ်တော်မြတ်စေတီ(ရန်ကုန်)နှင့် ရွှေတိဂုံစေတီတော် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ဖူးမြော်ကြည်ညို

ရန်ကုန် ဒီဇင်ဘာ ၁၀

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံသို့ တက်ရောက်နေကြသော အမျိုးသား ညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေရှိ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)သို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ စေတီတော် ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုကြပြီး စွယ်တော်မြတ်စေတီတော် (ရန်ကုန်) ဘုရားသမိုင်းကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။**

## ပေးအပ်လှူဒါန်း

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များက စွယ်တော်မြတ်စေတီတော်ကြီး ထာဝရဘက်စုံပြုပြင်မွမ်းမံရန်အတွက် စုပေါင်းလှူဒါန်းငွေ ၈၄၇၇၅ ကျပ်ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် စွယ်တော်မြတ်စေတီတော်ဓာတ်ပုံကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

## ဘုရားကန်တော့ဖွင့်လှစ်

ဆက်လက်၍ အမျိုးသားညီလာခံကိုယ်စားလှယ်များမှ "ဂုံ"ရှမ်းဘာသာဖြင့် ရိုက်နှိပ်ထားသော ပိဋကတ်သုံးပုံစာအုပ်များ လှူဒါန်းခြင်းအခမ်းအနားကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဗဟိုဆောင်တရားထိုင်ခန်းမ၌ ကျင်းပရာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

## ပြန်လည်ဖြေကြား

ဆက်လက်၍ အမျိုးသားညီလာခံကိုယ်စားလှယ်များအား အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့်ပတ်သက်၍ အစည်းအဝေးခန်းမ၌ ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်နှင့် ဌာနမှူး(စီမံ/ဘဏ္ဍာ) ဦးရဲမြွေးတို့က ရှင်းလင်းပြောကြားကြရာ အမျိုးသားညီလာခံကိုယ်စားလှယ်များက သိလိုသည့် အကြောင်းအရာများကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များအား အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကျောင်းတံဆိပ်၊ နှစ်လည်မဂ္ဂဇင်းနှင့် ထေရဝါဒဓမ္မစာစောင်များကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။



**ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မ တိုင်းရင်းသားနှစ်ခြင်းအသင်းတော်တွင် ဝတ်ပြုဆုတောင်းကြစဉ်။** (သတင်းစဉ်)

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် စွယ်တော်မြတ်စေတီတော်(ရန်ကုန်)အား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

## ငါးပါးသီလခံယူ

ရှေးဦးစွာ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသထံမှအမျိုးသားညီလာခံကိုယ်စားလှယ်များနှင့် ပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်များ ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးဟောင်ခမ်း ဦးဆောင်သောအဖွဲ့က "ဂုံ"ရှမ်းဘာသာဖြင့် ရိုက်နှိပ်ထားသော ပိဋကတ်သုံးပုံစာအုပ် ၄၅ အုပ်ကို ဆရာတော်ထံဆက်ကပ်လှူဒါန်းရာအပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်က ဂုဏ်ပြုအနုမောဒနာ မှတ်တမ်းလွှာကို ပြည်လည်ပေးအပ်သည်။

## ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များ စုပေါင်း၍ နဝကမ္မအလှူတော်ငွေကျပ် ၈၆၁၅၀ ကို ပေးအပ်လှူဒါန်းရာ ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်ကလက်ခံပြီးဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဒေါက်တာ ကုမာရာဘိဝံသ ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းသည်။

## ကြည့်ရှုလေ့လာ

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဗုဒ္ဓဘာသာဝင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ယနေ့(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊အလင်းတိုင်၊ အမွှေးတိုင်နှင့် ရေချမ်းများ ကပ်လှူပူဇော်ပြီး လက်ယာရစ်လှည့်လည်ကြည်ညို၍သာသနိက အဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။

## ဝတ်ပြုဆုတောင်း

အလားတူ ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည်လည်း ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အလံပြဘုရားလမ်းရှိ မြို့မတိုင်းရင်းသားနှစ်ခြင်းအသင်းတော်သို့ သွားရောက်၍ ဝတ်ပြုဆုတောင်းကြသည်။ **(သတင်းစဉ်)**

❒ ***ကျောဖုံးမှ***

## လိုက်လံကြည့်ရှု

ဆက်လက်၍ တိုင်းမှူးသည် မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိရာ တိုင်းမှူးက ရောဂါကာကွယ်ကုသရေးအတွက် လိုအပ်သည်များကို စီမံဖြည့်ဆည်းဆောင်ရွက်ပေးပြီး မင်္ဂလာဒုံမြို့နယ် (၂/က)ရပ်ကွက်အတွင်း မြက်နှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်းနှင့် ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရောဂါကာကွယ်ရေး ပညာပေးဟောပြောနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးသည် နံနက်၇နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ဆင်ဖုံကျေးရွာအနီးရှိ ဆင်ဖုံလျှပ်စစ်မြစ်ရေတင်စီမံကိန်း ဧက ၃၇၀၀သို့ ရောက်ရှိရာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဌေးလွင်နှင့် စီမံကိန်းတာဝန်ခံဦးစီးအရာရှိ ဦးမင်းမင်းဇော်တို့က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက ပွင့်လင်းရာသီ၌ စီမံကိန်းလုပ်ငန်းအားလုံးပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့်သတ်မှတ်ဧကထက် စိုက်ပျိုးရေ ပိုမိုပေးဝေနိုင်အောင် စီမံဆောင်ရွက်ကြရန်မှာကြားပြီး စီမံကိန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

## ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးသည် မြစ်ရေတင်စီမံကိန်းအနီးရှိ လယ်မြေ၌ အနိမ့်ရေတင်စက်၊ ခြေနင်းရေတင်စက်၊ လက်နှိပ်ရေတင်စက်နှင့် ခန္တွဲတို့ကိုအသုံးပြု၍ လယ်မြေအတွင်း စိုက်ပျိုးရေ ပေးသွင်းနေမှုနှင့် ဒိုချက်ကင်း သဘာဝမြေဩဇာ ပြုလုပ်ပြသထားမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးသည် လှည်းကူး မြို့နယ် မလစ်အနောက်ကျေးရွာအနီးရှိ မလစ်လျှပ်စစ်မြစ်ရေတင် စီမံကိန်းဧက ၅၀၀ သို့သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**

# ချီလေတဲ့ ချီလေ

ရတနာစည်ဆရာတော်(လှိုင်လင်)

(က)

ဤခရီးကား ခရီးသစ်ဖြစ်ပါ၏။ ခရီးသစ်ဖြစ်သည်နှင့်အညီ အင်သစ်အားသစ် ခြေလှမ်းသစ်၊ ဖွဲသစ်၊ မာန်သစ် အမြင်သစ်တို့ဖြင့် ချီတက်ရမည့် ခရီးဖြစ်၏။ ခရီးတစ်လျှောက် ခြေလှမ်းမမှား၊ လမ်းမမှားအောင် မြင်အားစူးစူးဖြင့် လျှောက်လှမ်းရမည့် ခရီးလည်းဖြစ်ပါသည်။

(ခ)

**"နောင်ဖြစ်ပေါ်လာမည့် နိုင်ငံတော်၏ ဖွဲ့စည်းပုံဥပဒေအရ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာ၌ နိုင်ငံတော်၏ အုပ်ချုပ်ရေးစနစ် အခြေခိုင်မာကောင်းမွန်နေအောင် ပြင်ဆင်ဖွဲ့စည်းမှုများကို မိမိတို့ ပြုလုပ်လျက်ရှိကြောင်း"**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ အဖွင့်မိန့်ခွန်းဖြစ်ပါ၏။ ၂၆–၁၁–၂၀၀၆ မှာ ပုသိမ်မြို့ မြရောအစည်းအဝေးခန်းမ၌ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တွေ့ဆုံပွဲတွင် ပြောကြားခြင်းဖြစ်ပါသည်။

**"ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်နှင့် ပြည်နယ်၊ တိုင်းအဆင့်ရှိ အဆင့်ဆင့်သော အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများကိုလည်း ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လျက်ရှိရာ ယနေ့အစည်းအဝေးသို့ တက်ရောက်လာသူများသည် ဧရာဝတီတိုင်းအတွင်း၌ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများအဖြစ် တာဝန်ထမ်းဆောင်နေကြပြီဖြစ်ကြောင်း။**

**မိမိတို့၏ အရည်အသွေးကို လုပ်ငန်းစွမ်းဆောင်မှုဖြင့် ပြနိုင်ရန် လိုအပ်ရာ မိမိတို့တာဝန်ထမ်းဆောင်ရသည့် မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးစား။**

---

**မိမိတို့၏ လုပ်ကိုင် ဆောင်ရွက်မှုများသည် ပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်မသွားအောင်၊ ဝန်ပိသွားမှုမျိုးမဖြစ်ရအောင် သတိထားလုပ်ကိုင်။**

---

**မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်မှုများသည် အတိတ်မှတ်တမ်းများအဖြစ် ပြောင်းလဲကျန်ရှိနေသည်ဖြစ်ရာ သမိုင်းမှတ်တမ်းကောင်းအဖြစ် ကျန်ရှိအောင် ကြိုးပမ်းအားထုတ်။**

**"နိုင်ငံတော်၏ လိုအပ်ချက်အရ အုပ်ချုပ်ရေးအပိုင်း၌ တာဝန်သစ်များ ပြောင်းလဲထမ်းဆောင်ကြသူများသည် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရမှာ ဖြစ်ကြောင်း"**

တာဝန်သစ်များထမ်းရင်း ခရီးသစ်သို့ ဦးဆောင်လှမ်းကြမည့် ပုဂ္ဂိုလ်များအားလုံး ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ မှာကြားချက်များကို အမြဲထာဝစဉ် ရင်မှာထွေးပွေ့ရင်း လက်တွေ့ကျင့်သုံး သွားကြရပါမည်။

လက်တွေ့ကျင့်သုံးရမည့်အချက်များ–

- **နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒများ၊ လမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များ၊**
- **သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ လုပ်ငန်းဆိုင်ရာ မူဝါဒများ ယင်းတို့ကို မိမိတို့၏ လုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်အဖြစ် ခံယူရမည်။**
- **မိမိတို့ တာဝန်ယူရသော နယ်မြေဒေသအသီးသီး၌ (က) တည်ငြိမ်အေးချမ်းရေး၊ (ခ) တရားဥပဒေစိုးမိုးရေး၊ (ဂ) ဖွံ့ဖြိုးတိုးတက်ရေး၊ (ဃ) စည်းလုံးညီညွတ်ရေး၊ (င) စီမံကိန်းများ အောင်မြင်ရေးတို့အတွက် ဦးစီးဦးဆောင်ပြုလုပ်ပြီး လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရမည်။**
- **မိမိတို့၏ မိခင်ဝန်ကြီးဌာနကိုသာမက ကျန်ဝန်ကြီးဌာန အသီးသီးကိုပါ ကိုယ်စားပြု၍ လုပ်ငန်းများ အောင်မြင်အောင် ထမ်းဆောင်ကြရမည်။**

(ဂ)

**"မိမိတို့၏အရည်အသွေးကို လုပ်ငန်းစွမ်းဆောင်မှုဖြင့် ပြနိုင်ရန် လိုအပ်ရာ မိမိတို့တာဝန်ထမ်းဆောင်ရသည့် မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးစားလုပ်ကိုင်ကြစေလိုကြောင်း"**

**"ဒေသခံပြည်သူများကို မိမိတို့၏ မိဘ၊ မိမိတို့၏ ဆွေမျိုးသားချင်းကဲ့သို့ သဘောထားရန် လိုအပ်ကြောင်း"**

ခရီးသစ်ကို ဦးဆောင်လှမ်းကြသူများဖြစ်သည်နှင့်အညီ ခြေလှမ်းသွက်၊ မသွက် မူတည်၍ ခရီးတွင်၊ မတွင် ဆုံးဖြတ်ကြရမည်ဖြစ်ရာ ခြေသွက်သွက်လှမ်းနိုင်ဖို့ ခြေသလုံးကြွက်သား သန်မာသူများ ဖြစ်နေကြရပါမည်။ ယင်းသည် ကိုယ်ပိုင်စွမ်းဆောင်နိုင်မှု အရည်အသွေးမည်၏။ တစ်ဖန် မိမိတို့ဦးဆောင်မှုနောက်ဝယ် တစ်ပါတည်း လိုက်ပါလာကြသည့် ရွာသူရွာသား၊ ရပ်သူရပ်သား၊ မြို့သူမြို့သား၊ နယ်သူနယ်သား၊ နိုင်ငံသူနိုင်ငံသားများအပေါ်ဝယ် မိဘအရွယ်ကို မိဘသဖွယ်၊ သားချင်းအရွယ်ကို သားချင်းသဖွယ် မေတ္တာစစ် မေတ္တာမှန် ထားရှိတတ်သူများလည်း ဖြစ်ကြရပါမည်။ ယင်းသည် ကိုယ်ပိုင်စိတ်စေတနာကောင်း အရည်အသွေးမည်၏။

**"မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်မှုများသည် ပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်မသွားအောင်၊ ဝန်ပိသွားမှုမျိုးမဖြစ်ရအောင် သတိထားလုပ်ကိုင်ကြရန်ဖြစ်ကြောင်း"**

**'ပညာရှိ သတိဖြစ်ခဲ'** ဟူ၍ ဆိုရိုးရှိထား၏။ အကြောင်းကြောင်းတို့ကြောင့် သတိလက်လွတ် စီမံမှုမျိုး ဖြစ်ပွားသွားတတ်လေရာ ယင်းသို့သော ကာလမျိုးဝယ် အများအပေါ် ဝန်ပိသော၊ အများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသော စီမံချက်အသွင်သဏ္ဌာန် ပေါ်ပေါက်လာတတ်၏။ ယင်းဖြစ်စဉ်ဖြစ်ရပ်မျိုး မဖြစ်ရလေအောင် အမြဲတမ်းသတိတရား လက်ကိုင်ထား လှုပ်ရှားဆောင်ရွက်ကြရပါမည်။

ဤတွင် 'သတိသမ္ဗောဇ္ဈင်' ဆိုသည်နှင့်အညီ သတိနှင့် တွဲစပ်လျက်ရှိသော သမ္ဗောဇ္ဈင်လေးပါးကို ဖော်ပြပါမည်။

**၁။ သာတ္ထက သမ္ဗောဇ္ဈင်=အကျိုးရှိ၊ မရှိ ပိုင်းခြားမြင်နိုင်စွမ်း။**

သည်အကြံ၊ သည်အပြော၊ သည်အပြုကြောင့် ကောင်းကျိုးရလဒ် ဖြစ်နိုင်ပါ့မလား၊ ကောင်းကျိုးရလဒ်ရဲ့ နောက်ဆက်တွဲ ဘေးထွက်ဆိုးကျိုးတွေ ပါလာနိုင်သလား၊ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ ဖြစ်နေသလား၊ ကောင်းကျိုးရလဒ် ချည်းချည်းရအောင် ဘယ်လို ဆောင်ရွက်မလဲ။

**၂။ သပ္ပာယ သမ္ဗောဇ္ဈင်= အကျိုးရှိသော်ငြား လုပ်သင့်၊ မသင့် ထပ်ဆင့်ပိုင်းခြားမြင်နိုင်စွမ်း။**

ကောင်းကျိုးရတယ်ဆိုတိုင်း လုပ်အပ်ပြီလား၊ လုပ်သင့်ရဲ့လား၊ "အစာ" မြင်နေရပေမယ့် "ငါးမျှားချိတ်"က နောက်ကွယ်မှာ ရှိနေရင် ဟပ်သင့်ရဲ့လား၊ စားသင့်ရဲ့လား၊ စက်စက်ယို ချိုချိုဆိမ့် ပျားရည်ဖြစ်ပေမယ့် အဆိပ်မှုန့်လူးထားရင် လျက်သင့်သလား၊ နတ်သုဒ္ဓါဖြစ်နေစေဦး စားပိုးနင့်အောင် စားသင့်သလား၊ အကျိုးရှိတိုင်း လုပ်အပ်တာမဟုတ်တဲ့ သဘာဝမို့ လုပ်အပ်အောင်၊ လုပ်သင့်အောင် ဘယ်လို ဆောင်ရွက်မလဲ။

**၃။ ဂေါစရ သမ္ဗောဇ္ဈင်= ကျက်စားခွင့်၊ လုပ်ပိုင်ခွင့် ပိုင်းခြားမြင်နိုင်စွမ်း။**

မိမိကျက်စားရမယ့် စားကျက်ပိုင် ဟုတ်ရဲ့လား၊ သူ့စားကျက်ကို နယ်ချဲ့ကျူးကျော် ကျက်စားနေသူ ဖြစ်နေပြီလား၊ ကိုယ့်စားကျက်ကို အခြေအနေအရ ချဲ့ထွင်ရတဲ့အခါမျိုးမှာ တရားသဖြင့် ဖြစ်ရဲ့လား၊ စည်းရှိတဲ့၊ ဘောင်ရှိတဲ့လုပ်ငန်းမှာ စည်းကျော် ဘောင်ကျော်၊ စည်းမထား ဘောင်မထားဖြစ်နေသလား၊ စားကျက်ဆိုင်ရာ အကန့်နဲ့အချဲ့ကို တရားသဖြင့် ဖြစ်အောင် ဘယ်လိုဆောင်ရွက်မလဲ။

**၄။ အသမ္မောဟ သမ္ဗောဇ္ဈင်= အ=မရှိ+သမ္မောဟ=အမှောင်ဖုံးခြင်း= အမှောင်ဖုံးခြင်းမရှိဘဲ အမှောင်၊ အလင်းပိုင်းခြားမြင်နိုင်စွမ်း။**

အမှောင်တွေထဲမှာ အသိအမြင်ကို ဖုံးလွှမ်းတဲ့ အမှောင်ဟာ အဆိုးရွားဆုံးပဲ။ အမှန်နဲ့အမှား အဖြူနဲ့အမည်း ကွဲကွဲပြားပြား ပိုင်းခြားနိုင်စွမ်း အမှန်လိုအပ်တယ်။ အသိမှန်ကို လှုပ်ခတ်တဲ့၊ အမြင်မှန်ကို ဖုံးလွှမ်းတဲ့ သတင်းတွေ၊ အဖျင်းတွေကို ပိုင်းခြားနိုင်ပြီလား။ ဘယ်စကားက ဘယ်သွားတယ်၊ ဘယ်သတင်းက ဘယ်ချဉ်းတယ်ဆိုတာ ပိုင်းခြားနိုင်ပါပြီလား။ အစိုးရနဲ့ ပြည်သူ၊ ပြည်သူနဲ့တပ်မတော်ကြား သွေးခွဲဖို့ အမြဲချောင်းနေသူတွေကို ကွဲပြားစွာ မြင်နိုင်ပါပြီလား။ နိုင်ငံတော်ရှေ့ဆက်သွားမယ့် ခရီးလမ်းရဲ့ ဆူးငြောင့်ခလုတ်တွေကို တင်ကြိုပိုင်းခြား နိုင်ပြီလား။ အသမ္မောဟ အမြင်ကြည်လင်အောင် ဘယ်လိုပျိုးထောင်မလဲ။

ဆိုအပ်ခဲ့ပြီးသော သမ္ဗောဇ္ဈင်လေးပါး ဉာဏ်ယှဉ်အလေးထားရင်း လှုပ်ရှား ဆောင်ရွက်ကြရပါမည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဆက်လက်မှာကြား၏–

**"ထို့အပြင် မြို့နယ်အဆင့်က ရပ်ကွက်၊ ကျေးရွာအဆင့်သို့လည်းကောင်း၊ ခရိုင်အဆင့်က မြို့နယ်အဆင့်သို့လည်းကောင်း အမြဲမပြတ် အချိန်မှန်မှန် ကွင်းဆင်းသွားရောက်ကြရန်လိုအပ်ကြောင်း၊ ကွင်းဆင်းထိတွေ့သည့်အခါ၌လည်း လိုအပ်သည်များကို မေးမြန်းဆွေးနွေးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ကူညီပံ့ပိုးခြင်းတို့ ပြုလုပ်ရန် ဖြစ်ကြောင်း။**

**"မိမိအောက် အဖွဲ့အစည်းကို ဝန်မပိစေရန် လိုအပ်သကဲ့သို့ အောက်အဖွဲ့အစည်းက မှန်မှန်ကန်ကန် အရှိအတိုင်းတင်ပြတတ်အောင် လုပ်ကိုင် တတ်အောင် ကူညီလမ်းပြရမှာဖြစ်ကြောင်း။**

**"အောက်အဖွဲ့အစည်း၏ တင်ပြချက်နှင့်သဘောထားကို အထက်အဖွဲ့က လေးစားရမှာဖြစ်သလို အထက်အဖွဲ့အစည်းကိုလည်း သိသင့်သိထိုက်သည်များကို မှန်မှန်ကန်ကန် သုံးသပ်တင်ပြကြရန် ဖြစ်ကြောင်း"**

အထက်၊ အောက် အပြန်အလှန်ကျေးဇူးပြုခြင်း သဘောတရားဟု ဆိုအပ်ပါ၏။ ယင်း၌ အထက်မှ ဆင်းလာသော **'စုန်ရေ'**၊ ယင်းစုန်ရေ၏ စုဝေးရပ်ဝန်း၊ စုဝေးရပ်ဝန်းဖြာထွက်မှု၊ ဖြာထွက်ရေ ဧရိယာ စသည်တို့ကိုလည်းကောင်း၊ ဖြာထွက် ရေဧရိယာ၌ ရလဒ်ဖြစ်ထွန်းမှု၊ ယင်းဖြစ်ထွန်းမှု၏ တွန်းတင်အား၊ တွန်းတင်အား အထက်ရောက်ခြင်းစသည်တို့ကိုလည်းကောင်း အဖန်ဖန်သုံးသပ်ရင်း အထက်အောက် ချိန်ခွင်လျှာကို ညှိကြရလေ၏။

**ယနေ့တိုင်းပြည်၏ အခြေအနေအရပ်ရပ်မှာ ၁၉၈၈ခုနှစ် အခြေအနေနှင့်မတူတော့ဘဲ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ အဆများစွာ မြင့်မားလာလျက်ရှိသည့် အနေအထားသို့ ရောက်ရှိနေလေရာ ယင်းသည် အထက်၊ အောက် အပြန်အလှန်ကျေးဇူးပြုခြင်း သဘောတရား၏ သက်ရောက်မှု သဏ္ဌာန်ဖြစ်လေ၏။ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ဟန်ချက်ညီညီ လက်တွဲပူးပေါင်းလျက် အထက်၊ အောက် အပြန်အလှန်ကျေးဇူးပြုခြင်း ရလဒ်ဖြစ်လေ၏။**

ယင်းသို့သော အကျိုးရလဒ်ကောင်းများကို သယ်ဆောင်ရင်း ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်မှုအားကို ခိုင်ခိုင်မာမာ ဆက်လက်ဆောင်ကြဉ်းကာ အုပ်ချုပ်ရေးအဖွဲ့သစ်၏ အားသစ်မာန်သစ်တို့ကို ထင်းထင်းထင် ပြကြရပါတော့မည်။

**"မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်မှုများသည် အတိတ်မှတ်တမ်းများ အဖြစ် ပြောင်းလဲကျန်ရှိနေသည်ဖြစ်ရာ သမိုင်းမှတ်တမ်းကောင်းအဖြစ် ကျန်ရှိအောင် ကြိုးပမ်းအားထုတ် လုပ်ကိုင်ကြရန်လိုကြောင်း"**

မှန်ပါသည်။ နိုင်ငံတော်ဘဝမှသည် မိသားစုဘဝအထိ၊ ယင်းမှသည် ပုဂ္ဂလိကဘဝအထိ ဘဝအလွှာတိုင်းမှာ အတိတ်မှတ်တမ်းဟူ၍ တင်ရှိနေသည်ချည်းဖြစ်၏။ ယနေ့ပစ္စုပ္ပန်လုပ်ရပ်သည် မနက်ဖြန်ဝယ် အတိတ်မှတ်တမ်းဖြစ်သွားပေလိမ့်မည်။ ယနေ့ပစ္စုပ္ပန်ဝယ် အနာဂတ်အမြော်အမြင်ဖြင့် လုပ်နိုင်မှသာ အတိတ်မှတ်တမ်းကောင်း တင်ကျန်မည်။ အနာဂတ် အမြော်အမြင်ကင်းမဲ့စွာ၊ သတိသမ္ဗောဇ္ဈင်ကင်းမဲ့စွာ ထင်ရာမြင်ရာ၊ ထန်ရာသန်ရာ လက်တန်းလုပ်နေလျှင် အတိတ်မှတ်တမ်းကောင်း မတင်ကျန်နိုင်။

သို့ဖြစ်ရကား ယနေ့ကာလ၏ အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်တို့သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင်၊ ဒေသဖွံ့ဖြိုးတိုးတက်အောင်၊ ကုန်ထုတ်လုပ်မှုတိုးတက်အောင်၊ သီးနှံအလိုက် သတ်မှတ်ပေးထားသော ပန်းတိုင်အထွက်နှုန်းများအတိုင်း သီးနှံများ တိုးတက်ထွက်ရှိအောင်၊ အလေအလွင့်အနည်းဆုံးဖြစ်အောင်၊ အမယ်သစ်သီးနှံများ တိုးချဲ့စိုက်ပျိုးပြီး ပို့ကုန်အမယ်သစ်များ ထွက်ပေါ်လာအောင်၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာအောင် အထက်၊ အောက် အပြန်အလှန် မှန်မှန်ကန်ကန် ထိထိရောက်ရောက် စီမံခန့်ခွဲလျက် တပ်မတော်နှင့် ပြည်သူတို့၏ ပူးပေါင်းအင်အားတို့ဖြင့် အားသစ်မာန်သစ် ခြေလှမ်းသစ် ခရီးသစ်ကို ချီကြရပါမည်။

**တကယ်တော့ ဤခရီးသည်–**

**အဆင်းခရီးမဟုတ်၊ အတက်ခရီးသာဖြစ်ပါ၏။**

**အဆုတ်ခရီးမဟုတ်၊ အတိုးခရီးသာဖြစ်ပါ၏။**

**အနိမ့်ခရီးမဟုတ်၊ အမြင့်ခရီးသာဖြစ်ပါ၏။**

**အငုံ့ခရီးမဟုတ်၊ အမော့ခရီးသာဖြစ်ပါ၏။**

**သို့ဖြစ်သောကြောင့်–––**

**"ချီလေတဲ့ချီလေ၊ အင်အားတွေပြည့်ပြည့်သုံး ရန်းချီကြလေ"** ဟု အားပေးရင်း ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၏ မှာကြားချက်ဖြင့် ဤဆောင်းပါးကို တန့်နားအပ်ပါသတည်း။ ။

**"ဒေသအလိုက် ဦးစီးဦးဆောင် တာဝန်ယူကြသူများဖြစ်ကြ၍ တိုင်းပြည်နှင့် ဒေသအပေါ် စေတနာထားကြရန်၊ ပြည်သူများနှင့် တစ်သားတည်းနေထိုင်ကြရန်၊ လူသစ်စိတ်သစ် အင်အားသစ်မွေးကြရန်၊ တိုးတက်ပြောင်းလဲလျက်ရှိသော ခေတ်ကြီးနှင့်အညီ ရင်ပေါင်တန်းလိုက်နိုင်အောင် အမြဲမပြတ် လေ့လာဆည်းပူးမှုများဖြင့် မိမိတို့ကိုယ်ကို ပြုစုပျိုးထောင်နေကြရန် လိုအပ်ကြောင်း"။ ။**

# ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲ ပဲခူးတိုင်း၌ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၀

**ပဲခူးတိုင်း ၂၀၀၆ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ပဲခူးမြို့ သီရိဟံသာခန်းမတွင် ဒီဇင်ဘာ ၂ရက် နံနက် ၉နာရီက ကျင်းပသည်။**



ရှေးဦးစွာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးအောင်က အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့ ခေါင်းစဉ်ဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်ကိုကိုက တိုင်းအဆင့် စာစီစာကုံးနှင့် ပန်းချီ၊ ပိုစတာပြိုင်ပွဲ ပထမဆုရရှိသူများအား လည်းကောင်း၊ ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်က ဒုတိယဆုရရှိသူများအားလည်းကောင်း ဆုများချီးမြှင့်ပြီး ဆက်လက်၍ တာဝန်ရှိသူများက ကျန်ဆုများအား ချီးမြှင့်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးပြခန်းငယ်အား တိုင်းမှူးနှင့်အဖွဲ့က ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း အ နောက် ဘက်) တိုးချဲ့ မြေနှစ်ကေ ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန် အတွက် ရန်ကုန်တိုင်း အလုံမြို့နယ် ဆင်မင်းရပ် ဆင်ရေကန်လမ်း အမှတ် (၁၉) နေ ကွယ်လွန်သူ ဖခင်ကြီး ဦးလွင်မောင်အားရည်စူး၍ ဇနီး ဒေါ်ခင်မီ၊ ဦးအောင်သန်းညွန့်-ဒေါ်မာလာလွင်၊ ဦးနေဝင်း-ဒေါ်သီတာလွင်၊ ဦးဝင်းထွဋ်လွင်-ဒေါ်သန်းဝေနှင့် မြေးမြစ်တစ်စုတို့က အလှူတော်ငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် အရှင်စန္ဒန(ပြည်တော်သာ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# အင်းစိန် ဗဟိုအကျဉ်းထောင်ဆေးရုံ ပြန်လည်မွမ်းမံ သိန်း၂၀၀ကျော် အကုန်အကျခံ တီဘီဆေးရုံအသစ်ဆောက်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းသည် အင်းစိန်ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဦးသက်ရှည်နှင့် ဦးစီးအရာရှိများလိုက်ပါလျက် ဒီဇင်ဘာ ၇ ရက်နံနက်ပိုင်းက အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်း ပြန်လည်မွမ်းမံနေသည့် နှစ်ထပ်ဆေးရုံကြီး **(အောက်ပုံ)** ကွဲပြားခင်းခြင်း၊ တိုင်များအသစ်လဲခြင်း၊ ဝရန်တာများ အသစ်လဲခြင်း၊ ဆေးသုတ်ခြင်း လုပ်ငန်းများနှင့် အသစ်ဆောက်လုပ်မည့် ငွေကျပ်သိန်း ၂၀၀ကျော် ကုန်ကျမည့် အလျားပေ ၉၀ X အနံ ၃၄ ပေရှိ နှစ်ထပ် သံကူကွန်ကရစ် တီဘီဆေးရုံ မြေနေရာကို သွားရောက် ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ်အား တာဝန်ရှိသူများက ဆေးရုံတက်ရောက်ကုသနေသည့် ပြစ်ဒဏ်ကျနှင့် အချုပ်သားများ ဆေးရုံတက်ရောက်ကုသနေမှု အခြေအနေ၊ တီဘီရောဂါဝေဒနာရှင်များကို သီးသန့်ထားရှိမှုအခြေအနေနှင့် သွားဆေးကုခန်း၊ ဓာတ်ခွဲခန်းနှင့် ပြင်ပလှူနာဌာန၊ တော်ဝင်ကုမ္ပဏီ ဦးကိုကိုထွေးမိသားစုက လှူဒါန်းထားသည့် ဓာတ်မှန်ခန်းတို့ကို လိုက်လံရှင်းလင်းပြသကြသည်။



**အလှူငွေ**

ထို့နောက် ညွှန်ကြားရေးမှူးချုပ်အား တာဝန်ခံအရာရှိ ဦးသက်ရှည်က ဆေးရုံကြီးအနီး အသစ်ဆောက်လုပ်မည့် တီဘီဆေးရုံမြေနေရာနှင့် ပြင်ပစေတနာရှင်များက တီဘီဆေးရုံအတွက် လှူဒါန်းထားသည့် အလှူငွေကျပ် ၂၃သိန်းရရှိမှု အခြေအနေတို့ကို တင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မှူးယစ်ကင်းစင် အလှဆင်

**ဒီဇင်ဘာ ၅ ရက်က ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညီညီအောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးခင်မောင်သန်း၊ အမှတ်(၉)ရပ်ကွက်ဥက္ကဋ္ဌနှင့် အရန်မီးသတ်အဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် (၁၉)ရပ်ကွက်၌ မီးသတ်ယာဉ်များ ဝင်ထွက်လမ်းကို ကွင်းဆင်းစစ်ဆေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)



# ကိုးဘွဲ့ရဆရာတော် ဓမ္မသဘင်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက်ကြီးမှ နိုင်ငံတော် ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရလင်္ကာရ အရှင်မြတ်သည် ဒီဇင်ဘာ ၁၁ ရက်တွင် တာမွေမြို့ ကျောက်မြောင်း သီတာလမ်း၊ ၁၂ရက်တွင် ရန်ကုန်မြို့ ကန်တော်လေး ၉၁လမ်း၊ ၁၃ရက်တွင် ရန်ကင်း၅ရပ်ကွက်ဓမ္မာရုံ(ဆည်းဆာပွဲ)၊ တာမွေ ကျောက်မြောင်း သီတာလမ်း (ညကြီးပွဲနှစ်ပွဲ)၊ ၁၄ ရက်တွင် ရန်ကင်း ၅ ရပ်ကွက် ဓမ္မာရုံ(ညပွဲ)၊ ၁၅ရက်တွင် ပုသိမ်မြို့ ဝေဠုဝန်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ပူဇော်ပွဲ၊ ၁၆ရက်တွင် သာကေတ၊ ဒေါပုံ ကျိုစုရပ်ကွက် သာသနာ့အလင်းရောင် ကျောင်းရှေ့ထေရဝါဒပွဲတို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ တရားပွဲရက် ရရှိပြီးသူများသည် ဆရာတော် ဖုန်း-၀၉-၅၃-၃၀၈၉၅၊ ၀၇၂ ၂၂၁၇၀၊ ၀၁ ၇၀၈၄၀၃ တို့သို့ ကြိုတင်ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(က-ပ)**

# လွမ်းအောင်ရယ်တတ်သူ ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများ၌ တစ်ပြိုင်တည်းပြသ

**ရုပ်ရှင်သတင်းထောက်**

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ဒါရိုက်တာ မောင်ဝဏ္ဏရိုက်ကူးပြီး ကျော်ရဲအောင်၊ မေသဉ္ဇာဦး၊ပြေဇင်နှင့် သက်မွန်မြင့်တို့ ခေါင်းဆောင်ပါဝင်ထားသော **လွမ်းအောင်ရယ်တတ်သူ** ဇာတ်ကား သမ္မတ၊ သွင်နှင့်မင်္ဂလာ အဆင့်မြင့်ရုံများတွင်တစ်ပြိုင်တည်းရုံဝင်လာသည်။ အနုပညာကို အခြေခံဇာတ်လမ်းဖွဲ့ ရိုက်ကူးထားသော မေတ္တာဖွဲ့ ဇာတ်လမ်းဖြစ်သည်။ ရှေ့ဆောင်ရုံတွင် **ရွှေမိုးသည်း** ဇာတ်ကား တင်ဆက်ပြသနေသည်။

နေပြည်တော်ရုံတွင် Casino Royale ဂျိမ်းစ်ဘွန်းဇာတ်ကား ဆက်လက် အောင်ပွဲခံပြသနေသည်။ မြိတ်တင်အောင်၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ အောင်ဗပါဝါရိုက်ကူးသော **အင်းသားဘဝ အင်းသားအလှ** အဆင့်မြင့် မြန်မာဒီဗွီဒီဇာတ်ကား မကြာမီရုံဝင်လာမည်ဖြစ်သည်။ အင်းသားအင်းသူ အများစုပါဝင်ပြီး မင်းမော်ကွန်း၊ စိုးမိုးကြည်၊ ဟန်နီထွန်း၊ ထွန်းထွန်းဝင်းနှင့် မေကဗျာတို့ ပါဝင်သရုပ်ဆောင်ထားကြသည်။



**လွမ်းအောင်ရယ်တတ်သူ ဇာတ်ကားမှ ပြေဇင်နှင့် သက်မွန်မြင့်။**



**အားလုံးကို ကျော်ဖြတ်ရမယ် ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။**

မြို့လယ်ဆုထူးပန်ရုံတွင် အက်ရှေးကူးမား၊ ဆာ့အစ်အလီခန်း၊ ရာဗီးနားတန်ဒန်တို့ ပါဝင်သရုပ်ဆောင်ထားသော အိန္ဒိယရုပ်ရှင်ဇာတ်ကား Keemat ဇာတ်ကား ရုံဝင်လာသည်။ ဘုရင့်ရုံတွင် ဆယ်လမန်ခမ်း၊ အရှေးကူးမားတို့ ခေါင်းဆောင်ပါဝင်ထားသော Mujhse Shaadi Karogi ဇာတ်ကား ပြသနေသည်။

ရွှေဂုန်ရုံ(မြေညီထပ်)တွင် ဆူနီးလ်ရှက်သီး၊ ဂျေစင်ဒါလဲလ်၊ ဒီနိုမိုရီရာနှင့် ကရစ်မားကပူးရ်တို့ သရုပ်ဆောင်ထားသည့် BAAZ ဇာတ်ကား တစ်ကျော့ပြန်ဝင်လာသည်။

ရွှေဂုန်(အပေါ်ထပ်)တွင် Emilo Estevez, Kiefer, Sutherland နှင့် Diamond Phillips တို့ပါဝင်ထားသော YOUNG GUNS II ဇာတ်ကြမ်းကား ရုံဝင်လာသည်။

မြို့မရုံတွင် မင်းသားကြီး အမီတာဘချမ်း ခေါင်းဆောင်ထားသော အကယ်ဒမီဆုရ အင်္ဂလိပ်စာတန်းထိုး အိန္ဒိယဇာတ်ကား AETBAAR တင်ဆက်ထားသည်။ ။

**(မြန်မာ့အလင်း)**

# မြန်မာ့အလင်း တစ်ပတ်အတွင်း ကမ္ဘာ့သတင်းအကျဉ်း

**စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ**

ကမ္ဘာ့တစ်ဝန်းသီတင်းတစ်ပတ်အတွင်း ဖြစ်ပွားခဲ့သော ထူးခြားသတင်းများအနက်မှအချို့ကို မြန်မာ့အလင်း ပရိသတ်အတွက် ကောက်နုတ်စုစည်း ဖော်ပြလိုက်ပါသည်။

**ဒီဇင်ဘာ ၄ ရက်**

- လူနာကို စမ်းသပ်သည့် သုံးဖက်မြင်ရုပ်လုံးကြွ ကွန်ပျူတာစနစ်ကို လန်ဒန်သုတေသန ပညာရှင်များက တီထွင်လိုက်သည်။ ကိုယ်ခန္ဓာအတွင်း အစိတ်အပိုင်းများ၌ ဖြစ်ပွားနေသော ရောဂါများကို ရှုထောင့်သုံးမျိုးမှ ကြည့်ရှုစစ်ဆေးနိုင်ပြီး လူနာများ ဆေးရုံသို့လာရောက်ပြသစရာမလိုဘဲ ဆရာဝန်က စမ်းသပ်စစ်ဆေးနိုင်ကြောင်း သိရသည်။
- ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မီးဖွားစဉ်သေဆုံးရသော မိခင်များမှာ နှစ်စဉ်ငါးသိန်းခန့်ရှိနေရာ လာမည့် ၂၀၁၅ခုနှစ်၌ မိခင်များသေဆုံးမှုအရေအတွက် ထက်ဝက်လျော့ကျသွားရေးဆောင်ရွက်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုက်တွန်းလိုက်သည်။

**ဒီဇင်ဘာ ၅ ရက်**

- ကမ္ဘာပေါ်တွင် ပြည့်စုံမှုအရှိဆုံးအနုပညာပြတိုက်ကြီးတစ်ခုကို ယူအေအီးနိုင်ငံ အဘူဒါဘီမြို့၌ တည်ဆောက်မည်ဖြစ်ကြောင်း ယူအေအီးနိုင်ငံက သတင်းထုတ်ပြန်သည်။ ၎င်းပြတိုက်ကြီးကို ပေါင်ငွေ ၁၄ဒသမ ၅ဘီလီယံကျော် သုံးစွဲကုန်ကျမည်ဖြစ်ရာ ကမ္ဘာပေါ်တွင်အကြီးကျယ်ဆုံးနှင့် အရှားပါးဆုံး အနုပညာရှေးဟောင်းပစ္စည်းများ ပြသမည်ဟုသိရသည်။
- ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းတည်ငြိမ်မှုမရှိလျှင် ရေနံရောင်းချသော နိုင်ငံများအဖွဲ့(အိုပက်)က နေ့စဉ်ရေနံထုတ်လုပ်မှုကို လျှော့ချဖြတ်တောက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်ပါကနေ့စဉ်ရေနံစည်ပေါင်း ငါးသိန်းလျှော့ချထုတ်လုပ်သွားမည်ဖြစ်ကြောင်း အိုပက်အဖွဲ့က သတင်းထုတ်ပြန်သည်။

**ဒီဇင်ဘာ ၆ ရက်**

- အမေရိကန်နိုင်ငံ ချီကာဂိုမြို့တွင် ပြင်းထန်သောနှင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် လေယာဉ်ခရီးစဉ်အများအပြားရပ်ဆိုင်းထားခဲ့ရသည်။ထိုသို့ခရီးစဉ်များရပ်ဆိုင်းထားရမှုကြောင့် ခရီးသည်များ လေဆိပ်တွင်သောင်တင်လျက်ရှိကြောင်း သိရသည်။ ထို့အတူအမေရိကန်နိုင်ငံတစ်ဝန်းမြို့ကြီးများတွင်လည်း ဆီးနှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့သဖြင့် လေဆိပ်အများအပြားခေတ္တပိတ်ထားခဲ့သည်။
- ဖိလစ်ပိုင်နိုင်ငံတွင် ဒူရင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်သဖြင့် လူ ၆၀၀နီးပါးသေဆုံးခဲ့ရပြီး လူ ၇၄၀ကျော်ပျောက်ဆုံးလျက်ရှိကြောင်း၊ လူပေါင်း ၁၅၄၃၇၇၈ ဦး မုန်တိုင်းဒဏ်ခံခဲ့ရပြီး လက်ရှိအချိန်အထိ လူရှစ်သောင်းကျော် ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ရလျက်ရှိကြောင်း ဖိလစ်ပိုင်မီဒီယာများက ဖော်ပြသည်။



ဖိလစ်ပိုင်နိုင်ငံတွင် ဒူရင်းမုန်တိုင်း တိုက်ခတ်သွားပြီးနောက် အပျက်အစီးများဖြင့် ဖုံးလွှမ်းနေသည်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ–အင်တာနက်)

**ဒီဇင်ဘာ ၇ ရက်**

- တရုတ်နိုင်ငံမြို့တော် ပေကျင်းရှိ မြေအောက်မီးရထားလမ်းသည် ၂၀၂၀ပြည့်နှစ်တွင် အရှည် ၅၆၁ ကီလိုမီတာရှိလာမည်ဖြစ်ရာ ကမ္ဘာပေါ်တွင်အရှည်ဆုံးမြေအောက်မီးရထား လမ်းအဖြစ်ရောက်ရှိလာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံမြို့တော် ပေကျင်းအာဏာပိုင်များက ပြောကြားသည်။
- ဂျပန်တိုယိုတာမော်တော်ကားကုမ္ပဏီသည် လောင်စာနှစ်မျိုးဖြင့်အသုံးပြုမောင်းနှင်၍ရသော မော်တော်ကား အမျိုးအစားသစ်ကို အင်ဒိုနီးရှားနိုင်ငံသို့ ၂၀၀၇ခုနှစ်တွင်စတင်ရောင်းချမည်ဖြစ်ရာ ပထမအသုတ်အနေဖြင့် အဆိုပါမော်တော်ကား၁၅စီးသာတင်ပို့ရောင်းချမည်ဖြစ်သည်ဟု တိုယိုတာကုမ္ပဏီက သတင်းထုတ်ပြန်သည်။

**ဒီဇင်ဘာ ၈ ရက်**

- အိန္ဒိယနိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို တိုးမြှင့်လုပ်ဆောင်သည့်အနေဖြင့် ကမ္ဘာလှည့်ခရီးသွားများ နိုင်ငံအတွင်းကာလရှည်ကြာစွာနေထိုင်ခွင့်နှင့် အကြိမ်ကြိမ်ဝင်ထွက်သွားလာနိုင်သော ပြည်ဝင်ခွင့်ဗီဇာကို ထုတ်ပေးသွားတော့မည်ဖြစ်ကြောင်း၊ ဗီဇာသက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး ထိုအခွင့်အရေးရရှိသည့် နိုင်ငံများမှာ ပြင်သစ်၊ ဂျာမနီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ ဖင်လန်၊ စပိန်၊ ဆွစ်ဇာလန်၊ နော်ဝေ၊ အိုက်စလန်၊ နယူးဇီလန်၊ ဂျပန်၊ တောင်ကိုရီးယား၊ အာဂျင်တီးနား၊ ဘရာဇီး၊ ချီလီ၊ မက္ကဆီကိုနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ကြောင်း အိန္ဒိယမီဒီယာများက ဖော်ပြသည်။
- တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်ရှိ စီချန်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ဖန်ယန်–၂ဒီ အမည် မိုးလေဝသဆိုင်ရာဂြိုဟ်တုကို သယ်ဆောင်သွားသည့် လောင်းမတ်ချ် ၃–အေ ဒုံးပျံကို အောင်မြင်စွာ လွှတ်တင်လိုက်သည်။ ယခုလွှတ်တင်လိုက်သည့်ဂြိုဟ်တုသည် တရုတ်နိုင်ငံ၏ ဒုတိယမြောက် မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်ထုတ်ပြန်ပေးမည့် ဂြိုဟ်တုဖြစ်ကြောင်း တရုတ်အစိုးရက သတင်းထုတ်ပြန်သည်။

**ဒီဇင်ဘာ ၉ ရက်**

- လာမည့်၂၀၃၀ပြည့်နှစ်တွင် ကမ္ဘာပေါ်ရှိ ပြည်သူ၁၁၇သန်းခန့်မှာ အေအိုင်ဒီအက်စ်ရောဂါကြောင့် သေဆုံးကြရဖွယ်ရှိပြီး လက်ရှိအချိန်၌ နှစ်စဉ် လူသုံးသန်းခန့်မှာ အေအိုင်ဒီအက်စ်ရောဂါကြောင့် သေဆုံးနေရလျက်ရှိရာ လာမည့်၂၅နှစ်ခန့်တွင် ကမ္ဘာပေါ်တွင်တတိယမြောက်လူသေဆုံးမှုအများဆုံးရောဂါအဖြစ် ရောက်ရှိလာမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတင်းထုတ်ပြန်လိုက်သည်။
- ဂျပန်နိုင်ငံသည် ကုလသမဂ္ဂ၏ ဒေသဆိုင်ရာကော်မရှင်ငါးရပ်တွင် ပါဝင်သော လက်တင်အမေရိကနှင့်ကာရစ်ဘီယံဆိုင်ရာ စီးပွားရေးကော်မရှင်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်နိုင်ခဲ့သဖြင့် အဆိုပါကော်မရှင်၌ ပါဝင်ရပ်တည်ခွင့်ရသည့် ပထမဆုံးသော အာရှနိုင်ငံတစ်နိုင်ငံဖြစ်လာသည်။

**ဒစ္စကာဗာရီ လွန်းပြန်ယာဉ် လွှတ်တင်**



ဖလော်ရီဒါပြည်နယ် ကိတ်ကင်နာဗာရယ်အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်ကို ဤသို့လွှတ်တင်ခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

**ဒီဇင်ဘာ ၁၀ ရက်**

- ဒစ္စကာဗာရီအာကာသလွန်းပြန်ယာဉ်ကို ဖလော်ရီဒါပြည်နယ် ကိတ်ကင်နာဗာရယ် အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဒေသစံတော်ချိန် ၂၀၄၇နာရီ (ဂရင်းနစ်စံတော်ချိန် ဝ၁၄၇ နာရီ)၌ လွှတ်တင်လိုက်သည်။ ၎င်းဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်သည် မူလသတ်မှတ်ထားသော အချိန်ထက် ရာသီဥတုမကောင်းမှုကြောင့် နှစ်ရက်ခန့်ရွှေ့ဆိုင်းခဲ့ပြီးနောက် ယခုကဲ့သို့လွှတ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။ ။ (အင်တာနက်)

## မန်ယူကို အမီလိုက်သည့် ချယ်လ်ဆီး အာဆင်နယ်က တစ်မှတ်သာမျှပေးခဲ့

**သတင်းမြင်ကွင်း – မြင့်စိုး**

**လန်ဒန် ဒီဇင်ဘာ ၁၀**

ပရီမီယာလိဂ်ပွဲစဉ်(၁၇) ဘောလုံးပြိုင်ပွဲများကို ဒီဇင်ဘာ၁၀ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားရာ ချန်ပီယံချယ်လ်ဆီးတို့ အာဆင်နယ်အသင်းအား အိမ်ရှင်အဖြစ် လက်ခံကစားခဲ့ရသော်လည်း ပထမပိုင်းပွဲပြီးသည်အထိ တစ်ဂိုးမျှ မသွင်းနိုင်ဘဲ သရေပွဲဖြစ်ခဲ့ရသည်။

အိမ်ရှင်ချယ်လ်ဆီးအသင်းသည် ယမန်နေ့တွင် မန်ယူက မန်စီးတီးကိုနိုင်ကာ ကိုးမှတ်ဖြတ်ထားမှုကို အမီလိုက်ရန် ပြင်ဆင်ထားပုံရသည်။

ချယ်လ်ဆီးရှေ့တန်းတွင် ဒရော့ဘာနှင့် ရှက်ဗ်ချင်ကိုတို့အတွဲကို ထုတ်ကစားပြီး ကွင်းလယ်တွင် လမ်းပတ်ဦးဆောင်လျက် ဘောလက်၊ အက်ဆီယန်နှင့် မက်ခီလီလီတို့ အတိုင်အဖောက်ကစားခဲ့သည်။ နောက်တန်းတွင် အက်ရှ်လေကိုးလ်၊ ဂျွန်တယ်ရီနှင့် ကာဗယ်ဟိုတို့ဖြင့် အကာအကွယ်လုပ်ခဲ့သည်။

အာစင်ဝင်းဂါး၏ အာဆင်နယ်အသင်းတွင် တိုက်စစ်မှူးအွန်နရီမပါဝင်နိုင်သော်လည်း ရှေ့တန်းတွင် ဗန်ပါစီနှင့် အဒီဘာယောတို့ကို ပွဲထုတ်ခဲ့သည်။

အာဆင်နယ်ကွင်းလယ်တွင် ဖာဘရီဂတ်စ်ဦးဆောင်၍ ဖလာမင်နီနှင့် အလက်ဇန္ဒားလက်ဘ်တို့နှင့် တွဲဖက်ကစားခဲ့သည်။

အာဆင်နယ်၏ နောက်တန်းတွင် ဆန်ဒရို့စ်၊ အီဘိုးတို့က တာဝန်ယူခဲ့သည်။

### ဘောလုံးပိုင်ဆိုင်မှုပိုများ

ပွဲစသည်နှင့် နှစ်သင်းစလုံး လျင်လျင်မြန်မြန်ဖြင့် အပြန်အလှန်ထိုးဖောက်ကစားနိုင်ခဲ့သည်။ အာဆင်နယ်အသင်းသည် အဝေးကွင်းကစားရသော်လည်း ချယ်လ်ဆီးထက် ဘောလုံးပိုင်ဆိုင်မှုပိုများပြီး ကစားနိုင်ခဲ့သည်။

### အဝါကတ်ပြ

ပွဲချိန် ၁၇မိနစ်တွင် လမ်းပတ် အဝေးမှလှမ်းကန်သွင်းရာ အာဆင်နယ်ဂိုးတိုင်ထိပြီး ပြန်ထွက်လာ၍ ချယ်လ်ဆီးတို့ ဖွေဆော်ဦးဂိုးနှင့် လွဲသွားသည်။ မိနစ်၂၀တွင် အာဆင်နယ်တို့ တိုက်စစ်အရှိန်မြှင့်ကစားရာ ဗန်ပါစီဘောလုံးဆွဲပြေးစဉ် အက်ရှ်လေကိုးလ် ခြေထိုးဖျက်ခဲ့၍ ဒိုင်လူကြီးက အက်ရှ်လေကိုးလ်အား အဝါကတ်ပြခဲ့သည်။



ချယ်လ်ဆီးအသင်းမှ ရှက်ဗ်ချင်ကို (ယာ) ၏ အာဆင်နယ်ဘက်သို့ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ–အင်တာနက်)

### တစ်ဂိုးနစ်နာခဲ့

ပွဲချိန်၃၇မိနစ်တွင် ချယ်လ်ဆီးတို့ ထောင့်ကန်ဘောရရှိပြီး အာဆင်နယ်ဂိုးပေါက်တွင် ဘောလုံးဝဲနေစဉ် အာဆင်နယ်ဂိုးသမားလေးမန်း လဲကျနေသော်လည်း ချယ်လ်ဆီးတိုက်စစ်မှူးများ ဂိုးပေါက်ပျောက်နေ၍ တစ်ဂိုးနစ်နာခဲ့ရပြန်သည်။

ပထမပိုင်းပွဲပြီးရန် မိနစ်ပိုင်းအလိုတွင် ချယ်လ်ဆီးကွင်းလယ်ကစားသမား လမ်းပတ်နှင့် အာဆင်နယ်နောက်တန်းလူ အီဘိုးတို့ ဘောလုံးခုန်တိုက်စဉ် အီဘိုး၏ခေါင်းမှာ လမ်းပတ်၏ တံတောင်ဖြင့်တွက်မိ၍ အနည်းငယ်ထိခိုက်မိသလိုဖြစ်သွားသည်။

ပထမပိုင်းပြီးရန်နီးကပ်လာချိန်တွင် ချယ်လ်ဆီးတို့အရှိန်မြှင့်ကစားပြီး ဖွေဆော်ဦးဂိုးသွင်းယူရန် ကြိုးစားသော်လည်း မအောင်မြင်ဘဲ သရေပွဲ ဖြစ်နေဆဲပင်ဖြစ်သည်။

### ဒုတိယပိုင်း

ဒုတိယပိုင်းတွင် နှစ်ဖက်အသင်း ယှဉ်ပြိုင်မှုမှာ ပို၍ မြန်ဆန်လာသည်။ ချယ်လ်ဆီးတိုက်စစ်တွင် ရှက်ဗ်ချင်ကို အားပျော့လာ၍ မော်ရင်ဟိုက ရော်ဘင်နှင့် လူစားလဲကစားခဲ့သည်။

### အမှတ်မထင်ကန်သွင်း

ပွဲချိန် ၇၈မိနစ်တွင် အာဆင်နယ်တို့ တိုက်စစ်အရှိန်မြှင့်ကစားခဲ့ရာ ဖလာမင်နီက ဖွေဆော်ဦးဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ချယ်လ်ဆီးတို့ ချေပဂိုးရရှိရေး ပြန်လည်တိုက်စစ်ဆင်ကစားရာ ပွတ်ကာသီကာဖြင့် ဂိုးပေါက်လွဲချော်နေသည်။ သို့သော်လည်း ပွဲပြီးရန် မိနစ်ပိုင်းအလိုတွင် အက်ဆီယန်အဝေးမှ အမှတ်မထင်လှမ်းကန်သွင်းရာ အာဆင်နယ်ဂိုးပေါက်ထဲသို့ ဇော့၍ဝင်သွားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ထိပ်ဆုံးမှ မန်ယူကိုလိုက်ရန် ကြိုးစားသော်လည်း အာဆင်နယ်က သရေဆွဲထားခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ၁၆ပွဲကစား ၁၁ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် ရမှတ် ၃၆မှတ်ရရှိကာ ရှစ်မှတ်အကွာဖြင့် မန်ယူနောက်မှ အမီလိုက်နေရသော အခြေအနေရှိသည်။ **(အင်တာနက်)**

# ကမ္ဘာတစ်လွှား အားကစား

## ဒိုဟာအာရှအားကစားပြိုင်ပွဲ မြင်ကွင်း

ရေးသားတင်ပြသူ – မြင့်မောင်စိုး

ဒိုဟာ ဒီဇင်ဘာ ၁၀

**(၁၅)ကြိမ်မြောက် ဒိုဟာအာရှအားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၉ ရက်က ဆက်လက်ယှဉ်ပြိုင် ကစားခဲ့သည်။**

### ရေကူး

အမျိုးသား မီတာ ၁၅၀၀ ရေကူး အလွတ်ပြိုင်ပွဲတွင် တောင်ကိုရီးယားနိုင်ငံမှပတ်တေးဝမ်က စံချိန်၁၄မိနစ် ၅၅ ဒသမ ၀၃စက္ကန့်ဖြင့် ရွှေတံဆိပ်၊ တရုတ်နိုင်ငံမှ ကျန်လင်းက စံချိန် ၁၅ မိနစ် ၀၃ ဒသမ ၁၃ စက္ကန့်ဖြင့် ငွေတံဆိပ်၊ ဂျပန်နိုင်ငံမှ မတ်ဆူဒါက စံချိန် ၁၅ မိနစ် ၁၇ဒသမ ၁၈ စက္ကန့်ဖြင့် ကြေးတံဆိပ် အသီးသီးဆွတ်ခူးနိုင်ခဲ့သည်။

### မြင်းစီး

အိမ်ရှင် ကာတာ မြင်းစီးအသင်းသည် မြင်းစီးဖြင့် အိမ်ရှင်အတွက် ပထမဆုံး ရွှေတံဆိပ်ဆွတ်ခူးပေးနိုင်ခဲ့သည်။ ကာတာအသင်းသည် ယင်းမြင်းစီးပြိုင်ပွဲတွင် သုံးရက်ယှဉ်ပြိုင် ကစားအပြီး ရမှတ် ၁၈၀ ဒသမ ၃၀ဖြင့် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင်ဂျပန်မြင်းစီးအသင်းက ရမှတ် ၂၀၄ဒသမ၁၀ဖြင့် ငွေရပြီး အင်ဒိုနီးရှားက ကြေးတံဆိပ် ဆွတ်ခူးခဲ့သည်။

### ဘော်လီဘော

ဂျပန်အမျိုးသမီး ဘော်လီဘောအသင်းသည် ဗီယက်နမ်ကို သုံးပွဲ–ပွဲမရှိဖြင့် နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ ဂျပန်အသင်းသည် အကြိုဗိုလ်လုပွဲတွင် တောင်ကိုရီးယားနှင့် ထိုင်းတို့မှ အနိုင်ရသည့် အသင်းနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

### ထရိုင်သလွန်

ထရိုင်သလွန်(ခေါ်) အားကစား နည်းသုံးမျိုး(ရေကူး၊ စက်ဘီးစီးနှင့် တာဝေး အပြေးပြိုင်ပွဲ) အမျိုးသား နောက်ဆုံးဗိုလ်လုပွဲတွင် ကာဇက်စတန် နိုင်ငံမှ ဒီဗစ်ထရီဂါယက်က စံချိန် ၁နာရီ မိနစ်၅၀၊ ၅၃ဒသမ ၁၄စက္ကန့်ဖြင့် ရွှေတံဆိပ်၊ ဟောင်ကောင်မှ လီချီဝိုဒန်နီရယ်က ငွေတံဆိပ်ဆွတ်ခူးပြီး ကာဇက်စတန်မှ ဒါနေးလ်ဆာပူနော့ဗ်က ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသမီး ထရိုင်သလွန်ပြိုင်ပွဲတွင် တရုတ်နိုင်ငံမှ ဝမ်ဟောင်နီက စံချိန် ၁နာရီ ၅၉မိနစ်နှင့် ၄၄စက္ကန့်ဖြင့် ရွှေတံဆိပ်၊ ဂျပန်မှအိုက်ယူဒါက ငွေရပြီး ဂျပန်မှ ဆေကင်းအကီကိုက ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

### မီတာ ၁၀၀အပြေး

အမျိုးသားမီတာ ၁၀၀ပြေးပွဲတွင် ဆော်ဒီအာရေဗျမှ ယာယာဟက်ဆင်ဟာဗီက ရွှေ၊ ဂျပန်နိုင်ငံမှ တာဆူကာဟာရာက ငွေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသမီး မီတာ ၁၀၀ပြေးပွဲတွင် ဥဇဘက်ကစ္စတန်မှ ကပွတ်ဘီဗာက ရွှေ၊ သီရိလင်္ကာမှ မာနာလက်ချ်က ငွေတံဆိပ် ဆွတ်ခူးနိုင်ပြီး ဘာရိန်းမှ အယ်ဂါ ဆာရာက ကြေးတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။



**အမျိုးသား မီတာ၁၀၀ ပြေးပွဲတွင် ဆော်ဒီမှ ဟာဗီ ရှေ့ဆုံး၊ ဂျပန်မှ တာဆူကာဟာရာနှင့် ထိုင်းမှဆွန်ဒီးတို့ ပန်းဝင်လာသည်ကို ဤသို့တွေ့ရသည်။** (ဓာတ်ပုံ–အင်တာနက်)

### မီတာ ၁၀၀၀၀

အမျိုးသမီး မီတာ ၁၀၀၀၀ပြေးပွဲတွင် ဂျပန်နိုင်ငံမှ ကာယိုကိုဖူကုရှိက ရွှေတံဆိပ်ဆွတ်ခူးပြီး တစ်နိုင်ငံတည်းသူ ဟီရိုမိအိုစီနာမိက ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

### အမျိုးသမီး မာရသွန်

အမျိုးသမီး မာရသွန်ပြေးပွဲတွင် တရုတ်နိုင်ငံမှ ကျို့ချွန်ရှုက ရွှေတံဆိပ်ဆွတ်ခူးပြီး ဂျပန်နိုင်ငံမှ ကာယိုကိုအိုဘတ်တာက ငွေတံဆိပ် ဆွတ်ခူးနိုင်ခဲ့ကာ ကြေးတံဆိပ်ကို ဂျပန်မှ ရှီမာဟာရာက ဆွတ်ခူးခဲ့သည်။



**အမျိုးသမီး မီတာ၁၀၀၀၀ပြေးပွဲတွင် ရွှေတံဆိပ် ဆွတ်ခူးသွားသော ကာယိုကိုဖူကုရှိ ဗိုလ်စွဲပြီး ဤသို့ အောင်ပွဲခံခဲ့သည်။** (ဓာတ်ပုံ–အင်တာနက်)

### မီတာ ၃၀၀၀

အမျိုးသား မီတာ ၃၀၀၀ ပြေးပွဲတွင် ဘာရိန်းမှ မူဘာရက်ဆလမ်က ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

### တင်းနစ်

အမျိုးသမီး တင်းနစ်အသင်းလိုက် ပြိုင်ပွဲတွင် တရုတ်နိုင်ငံက ရွှေတံဆိပ် ဆွတ်ခူးပြီး အိန္ဒိယနိုင်ငံက ငွေတံဆိပ် ဆွတ်ခူးခဲ့သည်။



**ကာယဗလ ကီလို ၉၀တန်းတွင် ရွှေတံဆိပ်ဆွတ်ခူးသွားသော ကာတာနိုင်ငံမှ အလီတာဘာရစ်ဇီ** (ယာ) **၏ ကာယဗလအလှ။** (ဓာတ်ပုံ–အင်တာနက်)

### ကာယဗလ

ကာယဗလမောင် ၈၅ ကီလိုတန်း ပြိုင်ပွဲတွင် ကာတာမှ အဗ္ဗဒူလ်ရာမန်က ရွှေတံဆိပ်၊ ဘာရိန်းမှ ဟူစိန်က ငွေတံဆိပ်ဆွတ်ခူးပြီး တောင်ကိုရီးယားမှ ကန်ကွမ်က ကြေးတံဆိပ်ဆွတ်ခူးခဲ့သည်။

ကာယဗလမောင် ကီလို၉၀တန်း ပြိုင်ပွဲတွင် ကာတာမှ အလီတာဘာရစ်ဇီနော်ရီက ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

ကာယဗလမောင် ကီလို၈၀တန်းတွင် ထိုင်းမှဆစ်တီချာရိုရစ်က ရွှေတံဆိပ် ဆွတ်ခူးသွားကြောင်း သိရသည်။

### အာရှအားကစားပြိုင်ပွဲဆုတံဆိပ်ရရှိမှု

| စဉ် | | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | တရုတ် | ၁၀၃ | ၅၉ | ၃၀ | ၁၉၂ |
| ၂။ | ဂျပန် | ၃၃ | ၄၁ | ၄၇ | ၁၂၁ |
| ၃။ | တောင်ကိုရီးယား | ၂၅ | ၃၂ | ၅၇ | ၁၁၄ |
| ၄။ | ကာဇက်စတန် | ၁၅ | ၁၀ | ၂၅ | ၅၀ |
| ၅။ | တရုတ်(တိုင်ပေ) | ၇ | ၄ | ၁၃ | ၂၄ |
| ၆။ | အိန္ဒိယ | ၆ | ၁၁ | ၁၁ | ၂၈ |
| ၇။ | ထိုင်း | ၆ | ၁၀ | ၁၇ | ၃၃ |
| ၈။ | မြောက်ကိုရီးယား | ၅ | ၇ | ၁၀ | ၂၂ |
| ၉။ | ကာတာ | ၄ | ၇ | ၅ | ၁၆ |
| ၁၀။ | ဘာရိန်း | ၄ | ၄ | ၃ | ၁၁ |

**(အင်တာနက်)**

## စပိန်လာလီဂါပွဲစဉ်(၁၄)ဆက်လက်ယှဉ်ပြိုင် ဘာစီလိုနာတို့ အနိုင်ရသော်လည်း ရီးရဲမက်ဒရစ်တို့ ရှုံးနိမ့်

မက်ဒရစ် ဒီဇင်ဘာ ၁၀

**စပိန်လာလီဂါဘောလုံးပွဲစဉ် (၁၄)ကို ဒီဇင်ဘာ ၉ရက်က ဆက်လက်ကစားရာ ဘာစီလိုနာက ရီးရဲဆိုစီဒက်ကို တစ်ဂိုး–ဂိုးမရှိ ဖြင့် အနိုင်ရရှိပြီး အက်ဖ်စီဆီဗီလာက ရီးရဲမက်ဒရစ်ကို အိမ်ကွင်း၌ နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။**

### ဘာစီလိုနာနှင့် ရီးရဲဆိုစီဒက်

ဘာစီလိုနာတို့ နိုင်ပွဲရအောင် ခြေကုန်ထုတ်ကစားခဲ့ရသည်။ ဘာစီလိုနာသည် တိုက်စစ်မှူးများ အဖြစ် ဂုဒ်ဂျွန်ဆင်နှင့် ရော်နယ်ဒင်ဟိုတို့ အတွဲကို ပွဲထုတ်ကစားစေခဲ့ရာ ရီးရဲဆိုစီဒက်နောက်တန်းကို (၁၄)ကြိမ်ကျော်ဖြတ် ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။

ရီးရဲဆိုစီဒက်တို့က စုစုစည်းစည်းနှင့် နားလည်မှုရှိရှိ ကစားနိုင်ခဲ့ရာ တိုက်စစ်မှူးများဖြစ်သည့် ဂါရီနှင့် ကိုဗာစီဗစ်တို့က ကွင်းလယ်မှ ပရီတို၊ ဂျီဆုလီရီဗက်နှင့် အရန်ဘူရူတို့ဖြင့် အပေးအယူမျှစွာ ကစားနိုင်ခဲ့မှုကြောင့် ဘာစီလိုနာဘက်သို့ ပြန်လည်ထိုး ဖောက်ကစားနိုင်ခဲ့သော်လည်း အပိုင်ဂိုးသွင်းခွင့် အခွင့်အရေး သိပ်မရခဲ့ချေ။

ဘာစီလိုနာအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ရော်နယ်ဒင်ဟိုက ပွဲချိန် ၆၁မိနစ်တွင် သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။ ဘာစီလိုနာတို့ ယခုပွဲ အနိုင်ရရှိသဖြင့် တန်းစီဇယားထိပ်တွင် ဆက်လက်ရပ်တည်နေပြီး ရီးရဲဆိုစက်ဒက်မှာ နိုင်ပွဲဈေးဦးမပေါက်သေးဘဲ တန်းစီဇယားအဆင့် ၁၉၌ ရှိနေသည်။



**ဆီဗီလာနှင့် ရီးရဲမက်ဒရစ်တို့ပွဲတွင် ရီးရဲမက်ဒရစ်မှ ဒေးဗစ်ဘက်ဟမ်း** (ယာ)**၏ ထိုးဖောက်ကစားမှုကို ဤသို့တွေ့ရသည်။** (ဓာတ်ပုံ–အင်တာနက်)

### အက်ဖ်စီဆီဗီလာနှင့် ရီးရဲမက်ဒရစ်

ရီးရဲမက်ဒရစ်တို့ အဝေးကွင်းဒုတိယမြောက် ရှုံးပွဲကြုံတွေ့ရပြန်သည်။ ၄–၃–၃ ပုံစံဖြင့် ခင်းကျင်းကစားခဲ့သော ရီးရဲမက်ဒရစ်သည် တိုက်စစ်တွင် နစ္စတယ်ရွိုင်း၊ ရာအူးလ်နှင့် ရိုနယ်ဒိုတို့ကို အပြည့်ထုတ်သုံးပြီး ကွင်းလယ်၌ ဂူတီ၊ အီမာဆင်နှင့် ဒေးဗစ်ဘက်ဟမ်းတို့အား ပွဲထုတ်ကစားစေခဲ့သော်လည်း တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။

ရီးရဲမက်ဒရစ်အတွက် တစ်လုံးတည်းသောဂိုးကို ဒေးဗစ်ဘက်ဟမ်းက ပွဲချိန် ၁၃မိနစ်၌ သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။ အိမ်ကွင်းသရေပွဲ၊ ရှုံးပွဲမရှိသေးသော အက်ဖ်စီဆီဗီလာသည် တိုက်စစ်မှူးများဖြစ်သည့် ကနူတေးနှင့် ဖာဘီရာဒိုတို့ဦးဆောင်ကာ အိမ်ကွင်း၌ စနစ်တကျပြင်ဆင် ကစားခဲ့သဖြင့် ပွဲချိန် ၁၇မိနစ်တွင် တိုက်စစ်မှူး ကနူတေးက ချေပဂိုးသွင်းယူပေးပြီး အနိုင်ဂိုးကို ပွဲချိန်၇၇မိနစ် ဖာဘီရာနိုအစား ဝင်ကစားသည့် တိုက်စစ်မှူး ချီဗင်တန်က သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။ အက်ဖ်စီဆီဗီလာသည် ယခုပွဲအနိုင်ရရှိသဖြင့် တန်းစီဇယား ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နေပြီး ရီးရဲမက်ဒရစ်မှာ တန်းစီဇယား တတိယနေရာ၌ ရှိနေသည်။ **(အင်တာနက်)**

## ရက်ဂျီးနားနှင့်ပါလာမိုတို့ နိုင်ပွဲများရရှိခဲ့သည့် အီတလီ စီးရီးအေ ပွဲစဉ်(၁၅)

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ရောမ ဒီဇင်ဘာ ၁၀

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ၏ ပွဲစဉ်(၁၅)ကို ဒီဇင်ဘာ ၉ရက်က ယှဉ်ပြိုင်ဆက်လက်ကစားရာ ရက်ဂျီးနားက အက်စ်ကိုလီကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး ပါလာမိုက လီဗော်နိုကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။**



**ရက်ဂျီးနားနှင့် အက်စ်ကိုလီတို့ပွဲတွင် အက်စ်ကိုလီမှ အိုလီဗာ**(လယ်)**၏ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။** (ဓာတ်ပုံ–အင်တာနက်)

### ရက်ဂျီးနားနှင့် အက်စ်ကိုလီ

အမှတ်အဖြတ်ခံထားရသော ရက်ဂျီးနားတို့ နိုင်ပွဲရရှိခဲ့သော်လည်း တန်းစီဇယားနောက်ဆုံးအဆင့်၌ပင် ရှိနေဆဲဖြစ်သည်။ ရက်ဂျီးနားတို့က တစ်ဖက်သတ် ထိုးဖောက်ကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်လည်း အကြိမ်ကြိမ်ရရှိခဲ့သည်။ ရက်ဂျီးနားအတွက် အဖွင့်ဂိုးကို ပွဲချိန်၂၉မိနစ်၌ နောက်ခံကစားသမား လူကာရီလီက တစ်ဂိုးနှင့် ပွဲချိန် ၇၈မိနစ်၌ တိုက်စစ်မှူး အမောရူဆိုက တစ်ဂိုးသွင်းယူပေးခဲ့သည်။

အက်စ်ကိုလီအတွက် ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၈၄မိနစ်၌ ပီကိုရာရီက သွင်းယူပေးခဲ့သည်။ အက်စ်ကိုလီသည် ယခုထိ တစ်ပွဲမျှနိုင်ပွဲမရသေးသော်လည်း ရက်ဂျီးနားတို့က အဆင့် ၂၀၊ အက်စ်ကိုလီက အဆင့် ၁၉၌ ရှိနေသည်။

### ပါလာမိုနှင့် လီဗော်နို

ပါလာမိုတို့ ခြေစွမ်းပြကစားနိုင်ခဲ့ပြီးပွဲချိန် နှစ်မိနစ်မှာပင် ဆမ်ပလီစီရီက တစ်ဂိုး၊ တိုက်စစ်မှူး ကာဗယ်ဟိုက ပွဲချိန် ၃၆မိနစ်တွင် တစ်ဂိုးနှင့် ပွဲချိန် ၇၉မိနစ်တွင် ဆမ်ပလီစီရီက တစ်ဂိုး သွင်းယူခဲ့သဖြင့် သုံးဂိုးပြတ်သွင်းကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ လီဗော်နိုတို့ ချေပဂိုးတစ်ဂိုးမျှ မသွင်းနိုင်ဘဲ ဖိလီပီနီ၊ ဂရင်ဒိုနီနှင့် ကူဖ်ဖိုးတို့သာ အဝါကတ်ပြခံရသည်။

ပါလာမို ယခုပွဲအနိုင်ရရှိခဲ့သဖြင့် တန်းစီဇယား တတိယနေရာတွင်တည်မြဲနေပြီး လီဗော်နိုမှာ တန်းစီဇယား စတုတ္ထနေရာ၌ ရှိနေသည်။ **(အင်တာနက်)**

# စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်လမ်း၊ ခြံအမှတ်(I-20)နေ
ဗိုလ်ချုပ်မြင့်ဆွေ(ငြိမ်း)-ဒေါ်မေရီတင်
တို့၏တစ်ဦးတည်းသောသား
**မောင်ရှိန်းသူအောင်**
B.Sc(Hons:) Computing & Information System
(Metropolitan University, UK)
Managing Director, Global Technology Co.,Ltd.
နှင့်
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကုန်းရိပ်သာ၊ အင်းလျားမြိုင်လမ်း၊
ခြံအမှတ်(၄၁/၅)နေ
ဦးလှမြင့်သိန်း(လမင်းဝင်းပွဲရုံ၊ ဘုရင့်နောင်)-ဒေါ်မြင့်မြင့်သန်း
တို့၏တစ်ဦးတည်းသောသမီး
**ဒေါက်တာပြည့်ပြည့်သိန်း** M.B.,B.S(Ygn)

တို့၏ ၁၀-၁၂-၂၀၀၆ရက် Sedona Hotel၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် မင်္ဂလာဘိသိက်သွန်းလောင်း၍ စုလျားရစ်ပတ်ထိမ်းမြားပေးခြင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးခြင်းနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(ငြိမ်း)၊ (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ချုပ်)နှင့်ဇနီး ဒေါ်အေးအေး၊ မင်္ဂလာရွှေလက်ပတ်ကြိုးဆင်မြန်းပေးသော ဘွားဘွားဒေါ်ခင်စု(အောင်သပြေဆီစက်၊ မန္တလေးမြို့)၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ကျင်စန်း၊ မင်္ဂလာအခမ်းအနားမှူး ဦးဝင်းတင်၊ မင်္ဂလာအခါတော်ပေးသီချင်းနှင့် မင်္ဂလာတေးသံသာများကို ဖျော်ဖြေပေးသော ဒေါ်ရီရီသန့်နှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မမေရတနာခင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး၊ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာရွှေလက်ပတ်ကြိုးဗန်း ကိုင်ဆောင်ပေးသော ဒေါက်တာ စောစန္ဒာညွန့်၊ သတို့သားအရံ ကိုမျိုးထွန်း၊ သတို့သမီးအရံ ဒေါက်တာဖူးစံပယ်ရွှေ၊ မင်္ဂလာဝတ်စုံ ဖန်တီးပေးသော မမဉ္ဇူ၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ယင်ပေးသော စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာပန်းများ မေတ္တာဖြင့်လက်ဖွဲ့ပေးသော ဦးစိုးဝင်းနှင့် အန်တီအိအိသန့်၊ မင်္ဂလာပွဲအတွက် မင်္ဂလာပန်းများ တာဝန်ယူသယ်ဆောင်ပေးသော MHI ကုမ္ပဏီမှ လေယာဉ်မှူးကြီး ဦးအုံးသိန်းနှင့် ဝန်ထမ်းများ၊ ပန်းအလှပြင်ဆင်ပေးသော မစန်းစန်းဦး၊ မင်္ဂလာအခမ်းအနားမှတ်တမ်းတင် ဗီဒီယိုနှင့် ဓာတ်ပုံဝဏ္ဏခွာနီး၊ Sedona Hotel မှမန်နေဂျာနှင့် ဝန်ထမ်းများ၊ ထိမ်းမြား မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ရှိန်းသူအောင်-ဒေါက်တာပြည့်ပြည့်သိန်း။**



# စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဦးအောင်မြင်ထွန်း[တွဲဖက်ပြည်နယ်ဥပဒေအရာရှိ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဥပဒေရုံး၊ လားရှိုးမြို့]-
ဒေါ်မိမိသက် (ဒုတိယတိုင်းဥပဒေအရာရှိ၊ မန္တလေးတိုင်း၊ ဥပဒေရုံး)တို့၏တူသား
ဦးဗလ(လက်ထောက်ညွှန်ကြားရေးမှူး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မကွေးတိုင်း)-
ဒေါ်ခင်အုန်းမြင့်တို့၏
တစ်ဦးတည်းသောသား
**မောင်ဘုန်းမြင့်သူ** LL.B, D.B.L, Dip; in Tech; (Mechanical)
(ဒုတိယ မြို့နယ်ဥပဒေအရာရှိ၊ သပိတ်ကျင်းမြို့နယ် ဥပဒေရုံး)
နှင့်
ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ဗဟိုရ်စည်အိမ်ရာ၊ တိုက်အမှတ်(၃၉)၊အခန်း(၁၁)နေ ဒေါ်ရှုကြည်၏မြေး
မအူပင်မြို့၊ ဈေးလမ်း(၃)ရပ်ကွက်၊ အမှတ်(၁၇)နေ ဦးထွန်းမြင့်-ဒေါ်တင်တင်နွယ်တို့၏
တစ်ဦးတည်းသောသမီး
**မချောစုစုလွင်(ခ)ချောစု** LL.B, D.B.L, Dip; in Global English
(ဒုတိယ မြို့နယ်ဥပဒေအရာရှိ၊ လှိုင်မြို့နယ်ဥပဒေရုံး)တို့သည်
၁၀-၁၂-၂၀၀၆ ရက်(တနင်္ဂနွေနေ့)တွင် M.3 Food Center ၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့်
ဂုဏ်သရေရှိလူကြီးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ဘုန်းမြင့်သူ-မချောစုစုလွင်။**


# မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန် တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်း တို့တွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေး အဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲခြင်း စစ်ဆေးနေမှုများကို လှည့်လည် ကြည့်ရှု စစ်ဆေးကြပ်မတ်ကြသည်။

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏အဓိကအချက်အချာကျသော နေရာများ၌ မော်တော်ယာဉ် မသုံးစွဲရနေ့ စည်းကမ်းချက်များ ဖြစ်သည့် သက်ဆိုင်ရာ တပ်၊ဌာနများ၏ မော်တော်ယာဉ် သုံးစွဲခွင့် လက်မှတ်(Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)နှင့် ဌာနဆိုင်ရာ ဝတ်စုံများ ဝတ်ဆင်ခြင်း တို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

# ၁၉၆၆-၇၃ခုနှစ် ဆေးတက္ကသိုလ် (၁) ကျောင်းသူကျောင်းသားများ အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန် ဆေးတက္ကသိုလ်(၁)သို့ ၁၉၆၆ခုနှစ်တွင်ဝင်ခွင့်ရရှိပြီး ၁၉၇၃ခုနှစ်ဘွဲ့ရသော ကျောင်းသူကျောင်းသားများ၏ အာစရိယပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန် လမ်းမတော်၏ Old Library ခန်းမ၌လည်းကောင်း၊ နှစ်ပတ်လည် မိတ်ဆုံ ညစာစားပွဲကို ညနေ၆နာရီတွင် Park Royal Hotel ၌ လည်းကောင်း ကျင်းပမည် ဖြစ်သည်။

အသေးစိတ် သိလိုပါက ဒေါက်တာ အေးမောင်ဟန်နှင့် ဒေါက်တာ ချစ်ကိုတင် (ရန်ကုန်ကလေးဆေးရုံကြီး) ဒေါက်တာ သန်းအောင်ဖုန်း-၆၆၂၇၉၂၊ ဝ၉-၈၀-၃၄၀၇၁၊ ဒေါက်တာခင်မောင်လွင် (ရန်ကုန်ဆေးရုံကြီး မျက်နှာ၊ မေးရိုး၊ ခံတွင်းဌာန) တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကြေးသွန်းဘုရား သီတဂူတရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာဗေယျ အတုလမာရဇိန် ကြေးသွန်း ဘုရား၏ တောင်ဘက်မုခ်ဦး၌ ဒီဇင်ဘာ ၁၁ရက်တွင် ရွှေပြည်ဟိန်း ဆရာတော် အရှင်ခေမာသိရီ လင်္ကာရ (သီတဂူကြယ်တစ်ပွင့်)က လည်းကောင်း၊ ဒီဇင်ဘာ ၁၂ရက်တွင် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ ကလည်းကောင်း ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# အောင်မင်္ဂလာဓမ္မာရုံ ဓမ္မပူဇာ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်မြို့ မင်္ဂလာ တောင်ညွန့် မြို့နယ် ကန်တော်ကလေး (တောင်ပိုင်း)ရပ်ကွက် ၉၃လမ်း မိသားစု အောင်မင်္ဂလာဓမ္မာရုံတွင် တတိယအကြိမ် ဓမ္မပူဇာတရားပွဲ ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၁၇ ရက်တွင် အရှင်ပညာဝံသ (ဝါးခယ်မဆရာတော်)၊ ၁၈ရက်တွင် အရှင်သီရိသုန္ဒရ (ဥဿာရှင်ဆရာတော်)၊ ၁၉ရက်တွင် ဘဒ္ဒန္တနရပတိ(ဖြူးဆရာတော်)တို့က ညစဉ် ည၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# သတင်းဆောင်းပါး ဝေဝေဆာဆာဖြင့် ဖလားဝါးနယူးစ်ဂျာနယ်ဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၉)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ ကိုရီးယားခရီးသွား ဆောင်းပါး (သံသေသောပေါ်စကိုနှင့် တစ်ပြည်ဝသောကိုရီးယား)၊ မြန်မာ့ရိုးရာ ခြင်းလုံးဇာတ်ကား ကနေဒါရုပ်ရှင်ပွဲတော်တွင် အကောင်းဆုံးဆုရရှိ၊ ဝါးထွက်ပစ္စည်း ပြည်ပတင်ပို့မှု အမေရိကန်ဒေါ်လာ ငါးသန်းကျော်ရ၊ သစ်တောထွက်ပစ္စည်းအချောထည်များ ပြည်ပတင်ပို့နိုင်ရန် မြန်မာနှင့် မလေးရှားပူးပေါင်းဆောင်ရွက်မည်၊ မြန်မာနှင့်အိန္ဒိယ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးကားမောင်းပြိုင်ပွဲစတင်၊ မြန်မာ့လေကြောင်းပြည်တွင်းခရီးစဉ် လေယာဉ်လက်မှတ်ခများပြောင်းလဲ၊ ဂျပန်နှင့် ယူကေသို့နှစ်ရက်နှင့် အရောက်အမြန်ချောပို့နိုင်ပြီစသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

တရုတ်နိုင်ငံမှထုတ်လုပ်သော ခုခံအားကျကုထုံးဆေးဝါး ထိရောက်သည့်အပြင် များစွာဈေးသက်သာ၊ နှစ်လုံးထီနှင့် သုံးလုံးထီဥပဒေမူကြမ်း ထိုင်းအစိုးရရုပ်သိမ်း၊ ရာထူးမှအနားယူသော နိုင်ဂျီးရီးယားသမ္မတ ကျောင်းပြန်တက်၊ ဘေယောင်ဂျွန်းပရိသတ်များနှင့် တွေ့ဆုံပွဲကျင်းပမည်၊ အကျဉ်းသား လျှို့ဝှက်ရွှေ့ရာမှာ ဥရောပလည်းပါ သုံးသပ်ဆောင်းပါးနှင့် ဘောလုံးကွင်းထဲကသတ္တဝါ အားကစားသုံးသပ်စသည့် နိုင်ငံတကာရေးရာသတင်းများ၊ ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

**(သတင်းစဉ်)**

# တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။






11-12 (14) 1 12/11/06, 1:52 AM

# အခမ်းအနားစီမံခန့်ခွဲမှုသင်တန်း တောင်ကြီး၌ဖွင့် တီဗွီ၊ ဗီဒီယိုများဖြင့် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချ

**တောင်ကြီး နို၀င်ဘာ ၁၅**

ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော အခမ်းအနား စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲကို နို၀င်ဘာ၂၈ရက် နံနက်၈နာရီက တောင်ကြီးမြို့ ပြည်နယ်အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကဖြစ်သည့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်က အဖွင့်အမှာစကား ပြောကြားပြီး **(အောက်ပုံ)**ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်း၀ါ၀ါထွေးက တီဗွီ၊ ဗီဒီယိုများဖြင့် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချနေမှုနှင့် သင်တန်းသူများ၏ တစ်ဦးချင်းစွမ်းရည်များကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါသင်တန်းသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများ မှ သင်တန်းသူ ၁၂၂ ဦး တက်ရောက်ခဲ့ကြသည်။ **(ပြည်နယ်အမျိုးသမီးရေးရာ)**



# စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းပို့ချ

**လားရှိုး ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းကို နို၀င်ဘာ၁၆ရက် နံနက်၈နာရီမှ၁၀နာရီအထိကျင်းပရာ လားရှိုးအကျဉ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန၏ ရည်မှန်းချက်နှင့်လုပ်ငန်းတာဝန်များ၊ လက်ရှိအကောင် အထည်ဖော်ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများ နှင့် အကျဉ်းသား၊ အကျဉ်းသူနှင့် ဝန်ထမ်းများကြား လာဘ်ပေး၊ လာဘ်ယူ ကင်းရှင်းရေးဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းပို့ချဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



**ရွှေကျင်မြို့ ကျောက်လုံးကြီး–ကံဘေးအိုင် ကျေးရွာချင်းဆက် ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို နို၀င်ဘာ၁၆ရက်က အမှုဆောင်အရာရှိ ဦးဝင်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်တို့ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)

# မြို့နယ်သတင်းများ



# ရွှေမော်ဓောစေတီ ခေါင်းလောင်းပုံအတွင်းပိုင်း ကြံ့ခိုင်မှုစစ်ဆေး

ပဲခူး ဒီဇင်ဘာ ၅

**ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ခေါင်းလောင်းပုံ အတွင်းပိုင်း ကြံ့ခိုင်မှုစစ်ဆေးခြင်းကို နို၀င်ဘာ၂၆ရက်က ဆောင်ရွက်ကြသည်။**

ပဲခူးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာ ဦးသန်းထွန်းနှင့်အဖွဲ့၊ပဲခူးမြစ်ကူးတံတားတည်ဆောက်ရေးလုပ်ငန်းမှ အင်ဂျင်နီယာ ဦးတင်ဝင်းနှင့်အဖွဲ့၊မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်နှင့်အဖွဲ့ဝင်များ၊ဂေါပကအဖွဲ့အလှည့်ကျသဘာပတိ ဦးငွေရှိန်နှင့် ဂေါပကအဖွဲ့ဝင် ဦးသက်နိုင်တို့ပါဝင်သော အဖွဲ့ဝင်များသည် နံနက်၈နာရီခွဲက အဆိုပါဘုရားသို့ တက်ရောက် ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ခေါင်းလောင်းပုံအတွင်းပိုင်း၌ ရာသီဥတုဒဏ်ကြောင့် ချွတ်ယွင်းနေသော သံဟင်ဂလံများ၊အင်္ဂတေသားများကွာကျနေသည့်နေရာများကို ထိန်းသိမ်းပြုပြင်ဆောင်ရွက်သွားကြမည်ဖြစ်သည်။

(၁၇၃)

**အုတ်တွင်းမြို့နယ် ပြည်သူ့ဆေးရုံတွင်အသုံးပြုနိုင်ရန် ဦးခင်မောင်ဝင်း–သီရိသုမေ္မသီဂီဒေါ်သန်းသန်းနွဲ့(ကြယ်နီမိသားစု)က ငွေကျပ်၁၅သိန်းတန်ဖိုးရှိ အောက်စီဂျင်ထုတ်စက် တစ်လုံးအတွက် ငွေကျပ်၇၅၀၀၀၀ကို နို၀င်ဘာ၂၃ရက်က ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းထိန်က လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။** (၁၁၆)



# ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ မိတ္ထီလာ၌ကျင်းပ

မိတ္ထီလာ ဒီဇင်ဘာ ၁၀

**မန္တလေးတိုင်း မိတ္ထီလာမြို့တွင် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ၂ရက် နံနက်၉နာရီခွဲက သူနာပြုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် မိတ္ထီလာ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်က အိပ်ချ်အိုင်ဗွီ၊အေအိုင်ဒီအက်စ်ရောဂါအကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာအောင်ကျော်ထွေးက အိပ်ချ်အိုင်ဗွီ၊အေအိုင်ဒီအက်စ်ရောဂါကာကွယ်တိုက်ဖျက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ချီးမြှင့်**

ထို့နောက် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲတို့တွင် ဆုရရှိကြသည့် အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား မိတ္ထီလာအထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်းနှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**ဖဲကြိုးဖြတ်**

ဆက်လက်၍ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် နံရံကပ်ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ဓာတ်ပုံပြခန်းဖွင့်ပွဲအခမ်းအနားကို မြို့နယ်ကြက်ခြေနီအသင်းရုံးတွင် ကျင်းပရာ မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှမျိုးရှိန်နှင့် မိတ္ထီလာအထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

# အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲ မုဒုံမြို့နယ်၌ကျင်းပ

**မုဒုံ ဒီဇင်ဘာ ၅**

မုဒုံမြို့နယ် အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲ အခမ်းအနားကို နို၀င်ဘာ ၂၆ရက် နံနက်၁၀နာရီက မုဒုံမြို့နယ် တံခွန်တိုင်ကျေးရွာ (အထက) ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မုဒုံမြို့နယ် အခွန်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ကျေးရွာဥက္ကဋ္ဌများ၊ အခွန်ထမ်းပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် မုဒုံမြို့နယ် အခွန်ဦးစီးဌာနမှူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမျိုးတင့်၊ တွဲဖက်အခွန်ဦးစီးဌာနမှူး ဦးထက်နေဟိဏ်းနှင့် သက်ဆိုင်ရာနယ်မြေအခွန်မှူးများက အခွန်ကဏ္ဍာ တစ်ရပ်ချင်းစီအလိုက် အခွန်ဆိုင်ရာ ပညာပေး လုပ်ငန်းများ ဆွေးနွေးဟောပြောကြသည်။

**(မြို့နယ် ပြန်/ဆက်)**



**ဧရာဝတီတိုင်း မြောင်းမြမြို့နယ် စကမြားကျေးရွာ အလယ်တန်းကျောင်းခွဲ ကျောင်းစာကြည့်တိုက်အတွက် အလှူရှင်ဦးမောင်မောင်ဌေး–ဒေါ်ဌေးဌေးရီ၊ သမီးမအိသဉ္ဇာအောင်(ကွိုင်ကွိုင်း)တို့က ငွေကျပ်တစ်သိန်းတန် မှန်ဗီရိုတစ်လုံးနှင့်စာအုပ်၊စာစောင်များကို နို၀င်ဘာ၁၅ရက်က ကျောင်းစာကြည့်တိုက် တာဝန်ခံဆရာမကြီးဒေါ်တင်တင်ညိုထံ ပေးအပ်လှူဒါန်းရာ ဆရာမကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (က–ပ)



**မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေစီးရေလာကောင်းမွန်စေရေးအတွက်ရေစင်ဘူတာလမ်းဘေး ဝဲယာ ရေနုတ်မြောင်းတူးဖော်ခြင်း လုပ်ငန်းကို နို၀င်ဘာ ၁၀ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မြတ်သက်နှင်းနှင့်ဒေါ်ဆွေဆွေလှိုင်တို့ ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

11-12 (15) 1 12/11/06, 1:52 AM



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့်သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် သားမောင်ဟိန်းလတ်ကျော်၏ တစ်လပြည့်အား ရည်စူး၍ ဘွားဘွားဒေါ်သန်းမြင့်၊ ဦးကျော်ကျော်သန်း-ဒေါ်လှလှမြင့်မိသားစု အမှတ်၇၅၊ ၄၄လမ်း၊ (၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်တိုင်းက အလှူတော်ငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော်ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## အရှင်ဇဝန(ပဲခူး)ဓမ္မသဘင်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်ဇဝန(ပဲခူး)သည် ဒီဇင်ဘာ ၁၂ ရက်တွင် သဃ်န်းကျွန်းမြို့နယ် ဃ/ ဓမ္မာရုံ နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲ၊ ၁၉ရက်တွင် တောင်ဥက္ကလာပ ၁၃ အောင်မြေ လူထုဓမ္မာရုံ၊ ၂၀ ရက်တွင် ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် ဆွမ်းအောင်ပွဲ၊ ၂၃ ရက်တွင် သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် ရှင်ဥပဂုတ္တပူဇော်ပွဲ၊ ၂၄ ရက်တွင် သမိုင်း (၁)ရပ်ကွက်လုံးဆိုင်ရာ ပဋ္ဌာန်းမြတ်ဂုဏ်ဓမ္မာရုံ၊ ၂၅ ရက်နှင့် ၂၆ ရက်တွင် လှည်းကူးမြို့နယ် ရဲမွန်တပ်ဦး ကျောင်းခုနစ်ရက် တရားစခန်းပွဲတို့၌ တရားဓမ္မဟောကြားတော်မူမည် ဖြစ်သည်။ ဆရာတော်နှင့်ဆက်သွယ်လိုလျှင် ဖုန်း- ၀၉-၅၁-၄၄၇၉၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် မာလာမြိုင် ရိပ်သာလမ်း အမှတ်(၅၃၁-ဘီ)နေ (ဦးလှဦး)-ဒေါ်ခင်အုံးကြင် မိသားစုက ဒဂုံမြို့နယ်အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူတော်ငွေကျပ် သုံးသိန်းကို ပိဋက ဆရာတော်



ဘဒ္ဒန္တ စာရိန္ဒာသဘထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီးဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်ပေါင်းတည် မြို့နယ် စည်ပင် သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင် ရွက် လျက်ရှိ သည့် ၃၉ လမ်းက တ္တ ရာ ခင်း ခြင်းလုပ်ငန်း ဆောင် ရွက်နေမှုကို နိုဝင်ဘာ ၂၈ ရက် က ကွင်း ဆင်း



ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးသန်းဇော်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးအောင်ကိုကိုတို့က လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

## ဓမ္မသင်္ဂဏီ ပါဠိတော်ကျမ်းအတွက် ငွေလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၂**

အဘိဓမ္မာပိဋကဝင် ဓမ္မသင်္ဂဏီ ပါဠိတော်ကျမ်းအတွက် ဦးဆောင်ဆရာတော်ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစက ပဏ္ဍိတ) အရှင်မြတ်ထံသို့ ဦးလှရွှေ-ဒေါ်အောင်မေညွန့် မိသားစု အမှတ်၁၆ မဟာဗေဒ္ဓလမ်း ရေကျော် ပုဇွန်တောင်မြို့နယ်က ကြေးပြားနှစ်ချပ်၊ ဦးထွန်းဝင်း-ဒေါ်မိုးစန္ဒာ၊ သမီး မအိသံသာဟန်မိသားစု အမှတ် ၃၅၅ ဦးဝိစာရလမ်း စမ်းချောင်းမြို့နယ်က ကြေးပြားနှစ်ချပ်၊ ဦးသိန်းကြွယ်-ဒေါ်ကောက်ကောက်တို့အား ရည်စူး၍ ဒေါ်သန်းကျင်နှင့် ဦးကျော်တင့်-ဒေါ်ကြည်ကြည်မြင့်၊ သားမောင်သိန်းကိုကို မိသားစု အမှတ် ၃၇/က အောင်တေဇလမ်း ဗျိုင်းရေအိုးစင်ကွက်သစ် တာမွေမြို့နယ်က ကြေးပြားနှစ်ချပ်၊ ဦးမောင်မောင်ဌေး-မသီတာဝင်းမိသားစု အမှတ် ၃၁ လမ်း ၄၀ (၇၉X၈၀)ကြား မန္တလေးမြို့က ကြေးပြားချပ် နှစ်ချပ်၊ မိဘနှစ်ပါးဖြစ်သော ဦးအေးကြင်-ဒေါ်စောနီနှင့် ညီမ မခင်ထွေးမြင့်တို့အား ရည်စူး၍ ဦးခင်မောင်ကျော်-ဒေါ်ခင်စန်းမြင့်၊ ဦးအောင်သိန်း-ဒေါ်ခင်မေမြင့် မိသားစု အမှတ် ၂၁ မဥ္ဇူလမ်း ပါရမီရိပ်သာ ရန်ကင်းမြို့နယ် ရန်ကုန်မြို့က ကြေးပြားနှစ်ချပ်၊မိဘနှစ်ပါးဖြစ်သောဦးပညာသာမိ (ဦးမြသီး)၊ ဒေါ်ခင်ရီတို့အား ရည်စူး၍ ဦးဦးသာ၊ ဦးမျိုးဟန်၊ ညီအစ်ကိုမောင်နှမများ အမှတ် ၂၇၀၊ သူရ ၉ လမ်း ၉ ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်က ကြေးပြားနှစ်ချပ်၊ နှစ်ဖက်သော ဘိုးဘွား၊ မိဘများနှင့် ဦးအောင်မြင့်တို့အား ရည်စူး၍ ဒေါ်ယဉ်ယဉ်၊ သားကိုသန်းအောင်၊သမီးမအေးအေးခိုင်၊ကိုအောင်စိုး၊ မြေးမောင်ပြည့်ဦး၊ မောင်ပြည့်သန့် မိသားစု အမှတ်၄၀၊ လမ်း ၂၀(အောက်) လသာမြို့နယ်တို့က ကြေးပြားနှစ်ချပ်စီကို လှူဒါန်းကြသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေ ကျပ် ၂၀၀၀၀နှုန်းဖြင့် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ငွေတန်းရှည်ရွာ မိုးကုတ်တရားစခန်းပွဲ

**ထန်းတပင် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ငွေ့တန်းရှည်ရွာ၌ နှစ်စဉ်ကျင်းပသော ခုနစ်ရက် တရားစခန်းပွဲကို ပြာသိုလပြည့်ကျော် ၅ ရက်မှ ၁၁ ရက် (၂၀၀၇ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၁၃ရက်အထိ) ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ သာသနာပြုနယ်လှည့် ဓမ္မကထိက ရွှေရတနာဆရာတော် ဘဒ္ဒန္တ ကောဝိဒ(မိုးကုတ်)နှင့် သွေးဆေးကန် အရှင်နန္ဒာစရိယ(ခက်သင်) သာသနဓဇ ဓမ္မာစရိယ၊ ဂန္ထဝါစကဓမ္မာစရိယတို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## စွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း ပင်လုံ၌ ဖွင့်

**ပင်လုံ ဒီဇင်ဘာ ၁၂**

လွိုင်လင်ခရိုင် ပင်လုံမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဖွင့်လှစ်သော ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၄ရက် နံနက် ၈နာရီခွဲက အဆိုပါရုံးခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးတင်စိန်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးဇော်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းနှင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၃၂ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



မြဝတီမြို့အမှတ်(၁)ရပ်ကွက် စကားဝါလမ်းရှိ ရေမြောင်းတွင် ရပ်ကွက်နေပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို နိုဝင်ဘာ ၁၅ ရက်က အဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်ဖြင့် ဆောင်ရွက်ပေးရာသို့ အမှုဆောင်အရာရှိဦးခင်မောင်သန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသောင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။(မြို့နယ် စည်ပင်)

## အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးနေ့ ဖလမ်းမြို့၌ ကျင်းပ

**ဖလမ်း ဒီဇင်ဘာ ၆**

ချင်းပြည်နယ် ဖလမ်းမြို့တွင် ကမ္ဘာ့အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီက မြို့နယ်ခန်းမတွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ဆွေ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာဝင်းအောင်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အုပ်ချုပ်မှုစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းသူ သင်တန်းသားများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာခရိုင်အတွင်းရေးမှူးဦးကျော်ဆွေက အဖွင့်အမှာစကားပြောကြားပြီး ဒေါက်တာဝင်းအောင်က အေအိုင်ဒီအက်စ်တိုက်ဖျက်ရေး အားလုံး ပါဝင်ဆောင်ရွက်ရေးဟူသော ဆောင်ပုဒ်နှင့်အညီ ဆွေးနွေးပြောကြားကြသည်။

**(ခရိုင် ပြန်/ဆက်)**



မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ နယ်နိမိတ်အတွင်း ပြေးဆွဲလျက်ရှိသော အနေးယာဉ်၊ မြင်းလှည်းများ သတ်မှတ်စည်းကမ်းချက်နှင့်အညီ တောင့်တင်းခိုင်မာမှုနှင့်စနစ်တကျဖြစ်ရေးအတွက် နိုဝင်ဘာ၂၆ရက်က ဒုတိယဦးစီးမှူး(အခွန်)ဒေါ်သန်းသန်းအေးနှင့် ဒုတိယဦးစီးမှူး(စည်းကမ်း)ဦးသန်းဝင်းတို့ ကြပ်မတ်စစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးနှိုးဆော်ချက်

၁။ ရောဂါပိုးများပါရှိသည့်ရေနှင့် အစားအသောက်များ စားသောက်မိခြင်းကြောင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်ဖြစ်ပွားပါသည်။ မိုးဦးကျကာလတွင် ပိုမိုဖြစ်ပွားလေ့ရှိသော်လည်း ရာသီမရွေး၊ အသက်အရွယ်မရွေး ကူးစက်ဖြစ်ပွားနိုင်ပြီး ဆောလျင်စွာ ကုသမှုမခံယူပါက အသက်သေဆုံးသည်အထိ အန္တရာယ်ရှိပါသည်။

၂။ **ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာများမှာ-**

(က) ဗိုက်နာကျင်ခြင်းမရှိဘဲ ဝမ်းအရည်များများသွားခြင်း

(ခ) ဝမ်းသွားသည်ကို ခံစားသိရှိခြင်းမရှိဘဲ အရည်များသွားခြင်းတို့ဖြစ်ပြီး တစ်ကြိမ်၊ နှစ်ကြိမ် ဝမ်းသွားရုံနှင့် ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားများ လျင်မြန်စွာ ကုန်ဆုံး၍ အသက်ကို ဆုံးရှုံးနိုင်ပါသည်။

၃။ **ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားရန်-**

(၁) ရေကိုကျိုချက်၍ သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။

(၂) ရေတွင်း၊ ရေကန်စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။

(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။

(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။

(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများမဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။

(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

(၇) ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲပါ။

၄။ **ပြင်းထန်သော ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားလျှင် အသက်ဆုံးရှုံးမှုမှ ကာကွယ်ရန်-**

ဓာတ်ဆားထုပ်ကို သန့်ရှင်းသောရေ သို့မဟုတ် ရေကျက်အေးဖြင့် အညွှန်းအတိုင်း အတိအကျဖျော်၍ သောက်သုံးပြီး နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူပါ။

**ကျန်းမာရေးဝန်ကြီးဌာန။**

# သွေးလွန်တုပ်ကွေး၊ ဝမ်းရောဂါနှင့် အခြားကူးစက်ရောဂါများ ဖြစ်ပွားခြင်းမရှိအောင် မိမိမြို့နယ်၊ ရပ်ကွက် သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ပညာပေးစည်းရုံးဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်အတွင်း ဆောင်ရွက်လျက်ရှိသည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းသည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်ရှိ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိရာ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ လှမြင့်နှင့်တာဝန်ရှိသူများက တိုင်း၊ ခရိုင်နှင့် မြို့နယ်များအလိုက် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**ဖြည့်ဆည်းပေး**

ထို့နောက် တိုင်းမှူးက သွေးလွန်တုပ်ကွေးရောဂါသာမက ဝမ်းရောဂါနှင့် အခြားကူးစက်ရောဂါများ ဖြစ်ပွားခြင်းမရှိအောင် မိမိမြို့နယ်၊ ရပ်ကွက်များအလိုက် သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများကို စနစ်တကျထိရောက်စွာ ပညာပေးစည်းရုံးဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ စီမံဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် တာမွေမြို့နယ် ၁၆၅လမ်းတစ်လျှောက် အမှိုက်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်း၊ ဆေးဖျန်းခြင်းနှင့် ပညာပေးဟောပြောခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၉ ကော်လံ ၄* ❐



ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုပွဲတော်တွင် ယှဉ်တွဲကျင်းပမည့် ပန်းပွဲတော်၌ ရောင်စုံပန်းများဖြင့် ပုံဖော်ထားသည့် နန်းမြင့်မျှော်စင်ကို ဤသို့လှပစွာတွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

## အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်) စိန်ရတုပွဲတော်ကို တစ်လကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

သစ်တောရေးရာဝန်ကြီးဌာနက စီစဉ်ကျင်းပသည့် အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်) စိန်ရတုပွဲတော်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် ပထမအကြိမ် ပန်းပွဲတော်ကို ဖျော်ဖြေပွဲနှင့်ပျော်ပွဲရွှင်ပွဲများအား ဒီဇင်ဘာ ၁၄ရက်မှ ၁၈ရက်အထိ ကျင်းပပြီး ပွဲတော်ကာလကို ဒီဇင်ဘာ၁၄ရက်မှ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁၃ ရက်အထိ တစ်လကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

## ရောင်စုံပန်းအလှများဖြင့် ထူးခြားဆန်းပြားလှသည့် ပန်းပွဲတော် ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်စိန်ရတုပွဲတော် နွှဲကြစို့ တူပျော်ပျော်

ပန်းရောင်စုံ ဖူးပွင့်ဝေဆာစွာ ဖန်တီးထားသည့် ပန်းတိုင်များ၏ အလှတန်ဆောင်ကို ပန်းပွဲတော်အတွင်း ဤသို့တွေ့ကြရမည်။

ဓာတ်ပုံမှတ်တမ်း– သိန်းဝင်းလေး(မြန်မာ့အလင်း)



သတင်းဆောင်းပါး - မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး(မြန်မာ့အလင်း)

**ရန်ကုန် ဒီဇင်ဘာ ၁၀**

သစ်တောရေးရာ ဝန်ကြီးဌာနက စီစဉ်ကျင်းပသည့် ပြင်ဦးလွင်ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုပွဲတော်ကို ဒီဇင်ဘာ ၁၄ ရက်မှစ၍ ကျင်းပမည်ဖြစ်ရာ ပထမအကြိမ် ပန်းပွဲတော်ကြီး တစ်ရပ်ကိုလည်း ယင်းဥယျာဉ်ကြီး၌ ယှဉ်တွဲကျင်းပမည်ဖြစ်၍ အလွန်ထူးခြားသည့် ပွဲတော်ကြီး ဖြစ်ပေသည်။ ပွဲတော်ကာလကို တစ်လတာ သတ်မှတ်ထားသည်။

**လေ့လာနိုင်မည်**

ထို့အပြင် တစ်နိုင်ငံလုံးရှိ အထင်ကရအထိမ်းအမှတ်များဖြစ်သည့် ကချင်ပြည်နယ်၏ ကျက်သရေဆောင် ခါကာဘိုရာဇီတောင်၊ ကယားပြည်နယ်၏ အထင်ကရရှိလာသော တောင်ကွဲစေတီ၊ ကရင်ပြည်နယ်၏ ကျော်ကြားလှသည့် ဇွဲကပင်တောင်၊ ချင်းပြည်နယ်၏ဂုဏ်ဆောင် ရိဒ်ရေကန်၊ စစ်ကိုင်းတိုင်းသားတို့၏ ကြည်ညိုဖွယ်ရာ ကောင်းမှုတော်စေတီ၊ တနင်္သာရီတိုင်းမှ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေသည့် ဘုရင့်နောင်အငူ၊ ပဲခူးတိုင်း၏ခမ်းနားထည်ဝါလှသော ကမ္ဘောဇသာဒီရွှေနန်းတော်၊ မကွေးတိုင်း၏ သဘာဝရေနံမြေ၊ မန္တလေးတိုင်း၏ မြနန်းစံကျော် ရွှေနန်းတော်၊ ကျုံး၊ မြို့ရိုး၊ မွန်ပြည်နယ်၏ ကြည်ညိုသပ္ပာယ်ဖွယ်ရာကောင်းသည့် ကျိုက်ထီးရိုးစေတီတော်၊ ရခိုင်ပြည်နယ်မှ လူသိများသည့် သျှစ်သောင်းပုထိုးတော်များနှင့် ရန်ကုန်တိုင်းမှ

*စာမျက်နှာ ၉ ကော်လံ ၁* ●